မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၄၈)

တိုင်းမှူးဗိုလ်ချုပ်သာအေး ကွဲရိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း စစ်ဆေး မြောင်မြို့နယ် ကျေးရွာစပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲပိုင်းက မြောင်မြို့နယ် ပရိမ္မ ကျေးရွာအနီး ကွဲရိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ တိုင်းမှူးအား ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိန်က စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ စီမံကိန်း ဧရိယာအတွင်း တစ်ဆက် တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးပြီး

အဆိုပါ လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ နွေစပါး ဧက ၂၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ၁၅၉၃ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ကြက်ဆူပင်ပျိုးခင်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် တွင်းကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့လည်းကောင်း၊ စီမံကိန်းဧရိယာ အတွင်း ကြက်ဆူပင်ပျိုးခင်းနှင့် သဲသောင်ပြင် ကြက်သွန်စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မြောင်မြို့နယ် မကျည်းဘုတ် ကျေးရွာ၌ ကျင်းပသည့် စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။ စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံ အကြီးအကဲ ရှိတ်ဆာဘား အယ်အာမက် အယ်ဆာဘားထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပေါင်မြို့နယ် ရင်းငြိမ်ရေထိန်းတံခါးဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးရန် အပင်ငယ်များပျိုးထောင်ထားမှုကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

စိုက်ဧက ၂၀၀၀၀ အကျိုးပြုမည့် ရင်းငြိမ်ရေထိန်းတံခါးတည်ဆောက် ရေနစ်မြုပ်မှုကိုကာကွယ်ပြီး သီးထပ်သီးညှပ်စိုက်ပျိုးနိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ရင်းငြိမ်ချောင်းနှင့် ကျုံဟော်ချောင်းဘေးရှိ ရေနက်ကွင်းများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးမြေဧက တိုးတက်လာစေရန် မိုးရာသီရေမြုပ်ခြင်းမှကာကွယ်ရန်နှင့် စိုက်ပျိုးသီးနှံများတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရင်းငြိမ်ရေထိန်း တံခါးတည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြစ်ရေဝင်ရောက်မှု

ရင်းငြိမ်ရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် ပေါင်မြို့နယ် ရင်းငြိမ်ချောင်းဘေးရှိ ရေနက်ကွင်းဧက ၂၀၀၀၀ ကျော် အကျိုးသက်ရောက်စေမည်ဖြစ်သည်။ မြစ်ရေဝင်ရောက်မှုကြောင့် မိုးရာသီရေကြီးရေမြုပ်ခြင်းကို ကာကွယ်နိုင်ပြီး မိုးနှောင်းရာသီတွင် စာမျက်နှာ ၉ ကော်လံ ၅ ■

ရင်းငြိမ်ရေထိန်းတံခါး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျုံဟော်ရွာအထက် ရင်းငြိမ်ချောင်းကိုပိတ်၍ တည်ဆောက်ခဲ့သည့် ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုမြင်ကွင်းကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တိုက်ဖျက်ချေမှုန်း

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ အင်အားသုံးရပ် စွမ်းပကားဖြင့် လက်တွဲညီညီကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှုစွမ်းအားတို့အပေါ်၌ တည်မှီလျက် ရှိသည်။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် တည်ဆောက်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှုနှင့် ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ ထွန်းကားပြန့်ပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များကို မျှဝေခံစားနိုင်ရေးတို့အတွက် အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်သည် မကြာမီ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

နိုင်ငံတော်တွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မရှုဆိတ်နိုင်သည့် အဖျက်သမားများက နိုင်ငံတော်အေးချမ်းသာယာမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် သွေးခွဲသပ်လျှို လုပ်ကြံဖန်တီးနေကြသည်။ ယင်းသို့သော လုပ်ကြံဖန်တီးမှုများကို တစ်မျိုးသားလုံးက ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုအင်အားဖြင့် ရင်ဆိုင်တွန်းလှန်ပြီး မိမိနိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားစေရန် အင်ပြည့်အားပြည့် အားထုတ်ကြရမည်ဖြစ်သည်။ သူတစ်ပါးသြဇာလောင်းရိပ် ကင်းရှင်းစွာဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)ကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲမှ ရှင်းလင်းတင်ပြချက်များအရ ABSDF နှင့် NLD-LA တို့သည် အခြားသော သောင်းကျန်းသူ အဖွဲ့များနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံနှင့်တိုင်းရင်းသားပြည်သူများအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ရက်ရက်စက်စက် လက်ရဲဇက်ရဲကျူးလွန်နေသည့် အကြမ်းဖက်အဖျက်သမားများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာတွေ့ရှိရသည်။

SSA(တောင်ပိုင်း) သောင်းကျန်းသူတစ်ဖြစ်လဲ ABSDF(မြောက်ပိုင်း) သောင်းကျန်းသူအဖွဲ့၏ စစ်ရေးတာဝန်ခံ သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်သည် ပြည်တွင်းသောင်းကျန်းမှုသမိုင်းတွင် လူသတ်မှုများစွာ ကျူးလွန်ခဲ့သူ ရာဇဝတ်ကောင်တစ်ဦးဖြစ်သည်။ ၎င်းကိုယ်တိုင်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခဲ့ရသူ၁၃ဦးနှင့် လူမဆန်စွာ ရက်ရက်စက်စက် အသတ်ခံခဲ့ရသူ၁၉ဦးတို့၏ ဖြစ်ရပ်များက သံချောင်း(ခေါ်)မြင့်စိုး(ခေါ်) စဝ်ခွန်ကျော်အား အကြမ်းဖက် အဖျက်သမားဖြစ်ကြောင်းဖော်ပြလျက်ရှိသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းနေချိန်၊ နိုင်ငံတော် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိနေချိန်၊ နိုင်ငံတော် နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှအရေးကြီးသည့် အမျိုးသားညီလာခံကြီးကို အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးအချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစ်စုကို အသုံးချ၍ တိုင်းရင်းသား ပြည်သူများအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေရန်၊ အမျိုးသားညီလာခံကြီး ပျက်ပြားစေရန် နည်းမျိုးစုံသုံးပြီး ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို အစဉ်သတိရှိရှိ တိုက်ဖျက်ချေမှုန်း ဖယ်ရှားသွားမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၅-၂-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"မဂ်ရှစ်ပါး နိဗ္ဗာန်သို့ ပို့နိုင်ပုံ"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"မပြောင်းလဲသောအချစ်"** (အပိုင်း-၁)
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း-၁၆) ဇာတ်သိမ်း
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ English Premier League ဘောလုံးပွဲအစီအစဉ် Chelsea Vs Portsmouth (Live)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရပ်ကွက်၊ ကျေးရွာအုပ်စု မြို့နယ်တို့ကို အခြေခံ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးရေး ဘက်စုံထောင့်စုံကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ရက်က လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများအားလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံအမှာစကားပြောကြားသည်။ ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်တို့သည် အခြေခံဖြစ်ကြောင်း၊ စည်းကမ်းရှိပြီး ကြိုးစားကြရန်လိုကြောင်း၊ နယ်မြေဒေသ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ခြံစည်းရိုး ကြက်ဆူပင်များကို စီမံကိန်းသတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၂-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် မတ်လအတွက်
(၁၂-၃-၂၀၀၆)ရက်နေ့
နှင့်
(၂၆-၃-၂၀၀၆)ရက်နေ့

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၂၊ သုနန္ဒာလမ်း ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာပနေ ဗိုလ်မှူးကြီး မြမောင်(ငြိမ်း)-ဒေါ်တင်မိုးရီ မိသားစုက (၅၂) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အဖြစ် ငွေကျပ်တစ်သိန်းကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့်အတူ ကရင်ခြံရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ကရင်ခြံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်ခင်မမကသုတ၊ ရသစာအုပ်မျိုးစုံ ၁၀၀ ကျော်ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးစောဟုတ်စွမ်မော်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း ကူဝိတ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှိတ်မူဟာမက် ဆားဘား အယ်ဆယ်လမ်း အယ်ဆားဘားထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်ကတ်ပြားများ မတ် ၆ ရက်မှ စတင်ထုတ်ယူနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၆ ခုနှစ် မတ် ၁၄ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့် ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများထံပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့် ကတ်ပြား (Identity Card) များကို သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ မတ် ၆ ရက်(တနင်္လာနေ့)မှ စတင်၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်းမေးမြန်း ထုတ်ယူကြရန်ဖြစ်သည်။

(က) ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ခုံအမှတ် စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူးရုံးများတွင် မတ် ၇ ရက် (အင်္ဂါနေ့)မှစ၍ ကပ်ထားပေးမည်ဖြစ်သည်။

(ခ) ရန်ကုန်မြို့မ စည်ပင်သာယာ နယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၀၆ ခုနှစ် မတ် ၉ ရက်(ကြာသပတေးနေ့)မှ စတင်၍ အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့် ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ လည်းကောင်း အသီးသီး ထုတ်ယူနိုင်ကြကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

The Map of Bagan (09-2006) အခမဲ့စတင်ဖြန့်ချိ





ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co,Ltd. (D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ခုနှစ်မှ စတင်ပြီး ထုတ်ဝေခဲ့ရာတွင် ယခုအထိ စောင်ရေ ၁၁၁၀၀၀၀ကျော် စီစဉ်ပုံနှိပ် ဖြန့်ချိပြီးဖြစ်သည်။ ယခုပွင့်လင်းရာသီတွင် The Map of Bagan (09-2006)ကို နဝမအကြိမ်မြောက်အဖြစ် စောင်ရေ သုံးသောင်းကို အခမဲ့ဖြန့်ချိလျက်ရှိသည်။ **(ဓါတ်ပုံ)**

D.P.S က ထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ အထူးသဖြင့် ၂၀၀၆ခုနှစ် မတ် ၈ ရက်မှ ၁၂ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် ITB Berlin-2006 တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်း ကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ Design Printing Services Co., Ltd.(D.P.S)၌ ရုံးချိန်အတွင်းအခမဲ့ လာရောက်ထုတ်ယူနိုင်သည်။ ထုတ်ယူနိုင်သည့် လိပ်စာမှာ အမှတ်(၁၆၅-၁၆၇) ပထမထပ် ၃၅ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၉၅-၁၂၀၄၀၂၀/၂၀၄၀၉၂ - Tel/Fax ၉၅-၁ ၂၄၅၂၃၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီတဂူရေအလှူတော် ရေစက်ချအထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက် မာလာမြိုင်(၁)လမ်း၌ စစ်ကိုင်းတောင်ရိုး သီတဂူရေအလှူအတွက် ရေစက်ချလှူဒါန်းပွဲ အထိမ်းအမှတ်အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၆ရက်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ ၂၇ရက်၌ အောင်စကြာမိုးကုတ်ဆရာတော် အရှင် စန္ဒသိရီ (ဓမ္မာစရိယ)၊ ၂၈ရက်တွင် အောင်ဆန်း မိုးကုတ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)တို့က တရားတော်များ ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

အောင်စကြာဆရာတော်၏ ဓမ္မခရီး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ်၃ရက် ညတွင် တောင်ငူမြို့ ရွှေဘိုကြီးစာသင်တိုက်၊ ၄ရက် ညတွင် စမ်းချောင်းမြို့နယ် ရန်ကင်းရန်ရှင်းလမ်း၊ ၅ရက် ညတွင် ဝေါမြို့နယ် အဗျားရွာ၊ ၆၊၇၊၈ ရက်ညများတွင် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ ရတနာပုံကျောင်း၊ ၉ရက်ညတွင် သန်လျင်မြို့နယ် အောင်စကြာဓမ္မရိပ်သာ၊ ၁၀ရက်ညတွင် ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ၊ ၁၁၊၁၂ရက် ညများတွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက်၊ ၁၃ရက်ညတွင် မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ကျေးရွာ၊ ၁၄၊၁၅၊၁၆ရက်ညများတွင် ကျောင်းကုန်းမြို့နယ် ဇီးငူကျေးရွာ၊ ၁၇ရက်ညတွင် သန်လျင်မြို့နယ် ကျွန်းလေးကုန်းကွင်းဇောသပြေကန်ရွာ၊ ၁၈၊၁၉၊၂၀ရက် ညများတွင်ကွမ်းခြံကုန်းမြို့နယ် ကံဝိုင်းကျေးရွာ၊ ၂၂၊၂၃၊၂၄ရက် ညများတွင် ကျိုက်လတ်မြို့နယ် ကွင်းချောင်းလေးကျေးရွာ၊ ၂၆၊၂၇၊၂၈ ရက် ညများတွင် မှော်ဘီမြို့နယ် ဆပ်သွားတောအုပ်စု စမ်းချောင်းကျေးရွာတို့တွင် ဓမ္မခရီး ကြွရောက်ချီးမြှင့်တော်မူမည်ဟုသိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းပွဲကို ဗဟန်းမြို့နယ်ရုံး၌ကျင်းပရာ Micro Credit အသေးစား ချေးငွေလုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ မတည်ထောက်ပံ့ငွေ ကျပ်နှစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေကပေးအပ်ရာ ခရိုင်နာယက ဒေါ်နီနီစိန်နှင့် ခရိုင်ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်တို့က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၂၅-၂-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၁၀	၆။	ဘိုင်းဒါးရေလှောင်တမံ
၈:၂၀	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃:၂၅	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ "Doraemon"
၁၃:၄၅	၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၅၅	၇။	"ဖွားချစ်ကတားမြစ်ထားတယ်" ဂွမ်းပုံကြီး၊ ဦးချစ်ပြုံး၊ ဝေဖြိုး၊ နွေးနွေး (ဒါရိုက်တာ-အာယု)
၁၄:၁၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၁၅	၉။	အဆိုပြိုင်ပွဲ
၁၄:၂၅	၁၀။	**"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄:၃၀	၁၁။	အကပြိုင်ပွဲ
၁၄:၃၅	၁၂။	ရွှေလီတံတား
၁၄:၄၅	၁၃။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
		ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၀၀	၅။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၃၀	၇။	အကပြိုင်ပွဲ
၁၇:၃၅	၈။	တေးဂီတအစီအစဉ်
၁၇:၄၅	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	တေးဂီတအစီအစဉ်
၁၈:၄၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း-၁၃)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"**(အပိုင်း-၂၅)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထီးတော်တင်လှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း ရေကြည်မြို့နယ် ဒိုးကုံးအုပ်စု ပေါက်ပင်ကွင်း အနောက်ကုံးရွာတွင် တည်ထားကိုးကွယ်သော အေးချမ်းသာယာ ကံပွင့်အောင်မြင် ဓာတ်တော်ရှင်ဘုရား၏ အရံစေတီတော်ရှစ်ဆူ ထီးတော်တင်လှူမည်ဖြစ်သည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောတိုက် စိတ္တသုခကျောင်းမှ မတ်၁၂ရက် (၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်) တွင် ပင့်ဆောင်၍ တပေါင်းလပြည့်ကျော်၂ရက်၌ထီးတော်များ တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာဌာနက ကြီးမှူးကျင်းပသည့် "အလယ်အလတ်သံတမန်များအတွက် နိုင်ငံတကာအစည်းအဝေးများနှင့် စပ်လျဉ်းပြီး စီမံခန့်ခွဲမှုများဆိုင်ရာ" ဒုတိယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဂရင်းပလာဇာ ပတ်ခ်ရွိုင်ရယ် ဟိုတယ်၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

ပါဝင်ဆွေးနွေး

ယမန်နေ့ဆွေးနွေးပွဲ ပထမနေ့တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Dr. Azmi Mat Akhir နှင့် Ms. Serenaong တို့က "အာဆီယံ အစည်းအဝေးများ ပြုလုပ်ရာတွင် စီမံခန့်ခွဲမှုနှင့် ဧည့်ခံကြိုဆိုရေးဆိုင်ရာ ပညာရပ်များ"စာတမ်း၊ "မိန့်ခွန်းနှင့် ဆွေးနွေးချက် အကျဉ်းများ ရေးသားခြင်းပညာရပ်" စာတမ်းများကို တင်ပြဆွေးနွေးခဲ့ကြပြီး သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံအမတ်ကြီး ဦးစိုးနွယ်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ စာတမ်းဖတ်ပွဲများအပြီးတွင် အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေး ခဲ့ကြသည်။

ယနေ့ ဒုတိယနေ့ဆွေးနွေးပွဲတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Mr. Tan Tai Hiong က အစည်းအဝေးများအတွက် "အစီရင်ခံစာမူကြမ်းများ ရေးသားခြင်း၊ သဘာပတိ၏ သတင်းကြေညာချက်၊ သတင်းထုတ်ပြန်ချက်များရေးသားခြင်းပညာရပ်" စာတမ်းကိုတင်ပြဆွေးနွေးပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း သဘာပတိအဖြစ် ဆောင်ရွက်သည်။ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ခြုံငုံသုံးသပ်

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်က ဖတ်ကြားပြီးခဲ့သော စာတမ်းများကို ခြုံငုံ၍ သုံးသပ်ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန အတွင်းရေးမှူး သံအမတ်ကြီး ဦးညွှန့်တင်နှင့် ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ မစ္စ ငုယင်သီဟန်တို့က နိဂုံးချုပ် အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မော်စကိုမြို့ ဈေးအဆောက်အအုံပြိုကျ အနည်းဆုံး လူ ၃၉ ဦးသေဆုံး

မော်စကို ဖေဖော်ဝါရီ ၂၃

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဖေဖော်ဝါရီ ၂၃ရက် ကြာသပတေးနေ့ နံနက်က ဈေးအဆောက်အအုံတစ်ခု ပြိုကျခဲ့မှုဖြစ်ပွားခဲ့ကြောင်း မော်စကိုမြို့ အာဏာပိုင်များက ပြောကြားသည်။ **(အပေါ်ပုံ)**

ပြိုကျခဲ့ခြင်းဖြစ်

ထိုသို့ ဈေးအဆောက်အအုံ ပြိုကျမှုကြောင့် လူ၃၉ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ ထိုဈေးအဆောက်အအုံ ခေါင်မိုးပေါ်သို့ ဆီးနှင်းခဲများဖုံးလွှမ်းမှု၏ အလေးဒဏ်ကြောင့် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ဆီးနှင်းများဖုံးလွှမ်း

မော်စကိုမြို့တွင် နေရာအနှံ့အပြား ဆီးနှင်းများ အဆမတန်ကျဆင်း လျက်ရှိရာ လမ်းများနှင့် နေအိမ်အဆောက်အအုံများပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ နှလုံးရောဂါဖြစ်ပွားမှုအဆိုးရွားဆုံး ရင်ဆိုင်နေရ

လန်ဒန် ဖေဖော်ဝါရီ ၂၄

နှလုံးရောဂါသည် ဥရောပသမဂ္ဂနိုင်ငံများတွင် တစ်ဦးချင်း ကျန်းမာရေးပြဿနာအဖြစ် အဆိုးရွားဆုံးရင်ဆိုင်နေရပြီး အဖွဲ့ဝင်နိုင်ငံ ၂၅နိုင်ငံတွင် ၂၀၀၃ခုနှစ်က စုစုပေါင်း ယူရို ၁၆၉ဘီလီယံ ကုန်ကျခဲ့ကြောင်း လေ့လာချက်တစ်ရပ်က ဖေဖော်ဝါရီ ၂၂ရက်၌ ဖော်ပြသည်။

ရောဂါခံစားနေရ

နှလုံးသွေးကြောဆိုင်ရာ ရောဂါ (စီဗွီဒီ)ကြောင့် ကျန်းမာရေးဆိုင်ရာ ကုသမှုတွင် ပျမ်းမျှတစ်ဦးလျှင် ယူရို ၂၃၀ကုန်ကျရုံသာမက အလုပ်ဆင်းရက်များအတွက်လည်း ၂၆၈ဒသမ ၅သန်းအထိ ဆုံးရှုံးရကာ လူနှစ်သန်း သေဆုံးရပြီး နေ့စဉ် ၄ဒသမ ၄သန်းမှာ ယင်းရောဂါကို ခံစားနေရသည်။

သုတေသနပြု

စီဗွီဒီသည် အရင်းအမြစ်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးနှင့် စီးပွားရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးအဖြစ် နှစ်မျိုးစလုံးတွင် ရှေ့ရှည်၌ တစ်ဦးချင်းကျန်းမာရေး ပြဿနာအဖြစ် ဥရောပတွင် အဆိုးရွားဆုံး ရင်ဆိုင်နေရကြောင်း အောက်စဖို့စ်တက္ကသိုလ်မှသုတေသနပြုသူများကို ဦးဆောင်သူ ဂျိုးစ်လီယယ်က ပြောကြားသည်။

အောက်စဖို့စ်တက္ကသိုလ်၏ကျန်းမာရေးဆိုင်ရာ သုတေသန ဗဟိုဌာနမှ အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံ အားလုံးတွင် ရှေးဦးကုသမှုများ၊ အရေးပေါ် ကုသမှုများ၊ဆေးဝါးဆိုင်ရာကုသမှုများ၊ ပြင်ပလူနာများ၊ အတွင်းလူနာများနှင့် ပတ်သက်၍ စီဗွီဒီသွင်ပြင် လက္ခဏာအားလုံး၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုကိုပထမဆုံးအကဲဖြတ်ခဲ့သည်။နှလုံးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါခံစားရသည့်အခါ လူ ၁ဒသမ ၄သန်းခန့်မှာ ကုသမှုစရိတ် မပေးနိုင်ကြကြောင်း သုံးပုံနှစ်ပုံမှာ သေဆုံးခဲ့ရကြောင်း ၎င်းတို့ကကောက်ချက်ချခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အင်ဒိုနီးရှားမာနာဒိုမြို့၌ရေကြီးမြေပြို သေဆုံးသူအနည်းဆုံး ၂၄ဦးရှိခဲ့

ဂျကာတာ ဖေဖော်ဝါရီ ၂၄

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာနာဒိုမြို့၌ ရေကြီးပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ၂၄ဦး သေဆုံးသွားကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၂ရက်၌ ပြောကြားသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုသည် ဆူလာဝေစီပြည်နယ် မြောက်ပိုင်း၏ မြို့တော်ဖြစ်သော အထက်ပါမြို့၌ ဖေဖော်ဝါရီ ၂၁ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ မိုးနာရီအတန် ကြာ ရွာသွန်းပြီးနောက် ရေများသုံးပေခန့် မြို့ကို လွှမ်းသွားသည်ဟု ဆိုသည်။ **(အောက်ပုံ)**

သေဆုံး

သေဆုံးသူအများစုသည် အဆိုပါ မြို့၏ တောင်စောင်းတောင်စွယ်များ၌ ရှိသော နေအိမ်များ မြေပြိုကျပြီး ရွှံ့ညွန်များပိကာ သေဆုံးခဲ့ခြင်း ဖြစ်သည်။

ယင်းသဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် သေဆုံးသူပေါင်း အနည်းဆုံး ၂၄ဦးရှိသွားပြီဖြစ်ကြောင်း မာနာဒိုမြို့ရှိ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတာဝန်ရှိသူ ရီနယ်ဒီက ပြောကြားသည်။ ပြီးခဲ့သည့်လကလည်း ဂျာဗားကျွန်း၌ မြေပြိုခဲ့မှုကြောင့် အနည်းဆုံး လူ ၁၃၀သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဓားပြတိုက်ခံရသော ဘဏ်အနီး ရဲကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံတောင်ပိုင်း၌ ဘဏ်တစ်ခု ဓားပြတိုက်ခံရ ဒေါ်လာ ၄၃သန်းကျော် လုယက်သွားခဲ့

လန်ဒန် ဖေဖော်ဝါရီ ၂၃

အင်္ဂလန်တောင်ပိုင်းရှိ ဘဏ်တစ်ခုသို့ လက်နက်ကိုင်ဓားပြများက ရဲတပ်ဖွဲ့ဝင်ဟန်ဆောင်လျက် ဝင်ရောက်ကာ ဒေါ်လာ ၄၃ဒသမ၅သန်းနှင့်ညီမျှသော ပေါင်ငွေ ၂၅သန်းကို လုယက်သွားကြောင်း၊ ယင်းသည် ဗြိတိန်နိုင်ငံ၌ အကြီးဆုံးဓားပြတိုက်မှုကြီးဖြစ်ကြောင်း အင်္ဂလန်ဘဏ်က ဖေဖော်ဝါရီ ၂၂ရက်၌ ပြောကြားသည်။

ပေါင် ၂၅သန်းရှိ ငွေစက္ကူ များကို ကင့်န်ဒေသ တွန်ဘရစ်ရှိ အဆိုပါဘဏ်မှ လုယက်သွားခဲ့ကြောင်း၊ ယင်းဓားပြတိုက်မှုတွင် တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်း မရှိကြောင်း အဆိုပါဘဏ်မှ အမည်မဖော်လိုသူ တစ်ဦးက ပြောကြားသည်။

အခိုးခံရ

ယင်းဖြစ်စဉ်တွင် ဒေါ်လာ ၄၃ ဒသမ ၅သန်းကျော် လုယက်ခံရခြင်း ဖြစ်နိုင်ကြောင်း၊ လုံခြုံရေးကုမ္ပဏီက ငွေစက္ကူများကို ရေတွက်နေဆဲဖြစ်ကြောင်း ဘဏ်ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြောကြား

ဓားပြအချို့သည်ရဲအရာရှိများကဲ့သို့ဝတ်ဆင်လာကြကြောင်း၊ အချို့သောဓားပြများသည် လက်ထိပ်များ လည်းပါရှိကြောင်း၊ ယင်းလုယက်မှုကို စီစဉ်သူမှာ ရဲကားဟု ထင်ရသော ကားထဲတွင် ရှိနေကြောင်း အာဏာပိုင်များကပြောကြားသည်။ **(အင်တာနက်)**

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဖေဖော်ဝါရီ ၂၃ ရက်အထိ ၂၂၈၆ ဦးရှိပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဖေဖော်ဝါရီ ၂၃ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၂၈၆ ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

သေဆုံး

ယင်းတို့အနက် ၁၇၉၁မှာ ရန်လိုသောတိုက်ခိုက်မှုကြောင့်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။ အီရတ်၌သေဆုံးသော အခြားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၁ဦး၊ အီတလီ ၂၇ဦး၊ ယူကရိန်း၁၈ဦး၊ ပိုလန်၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန်၁၁ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့်နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယား တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

25-2 (04).p65 1 3/26/1905, 8:36 PM

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများအား ထိုက်တန်သောအပြစ်ပေးမည်ဟု မလေးရှားဝန်ကြီးချုပ် ပြောကြား


မလေးရှားဝန်ကြီးချုပ်
အဗ္ဗဒူလ်လာအာမက်ဘာဒါဝီ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၄

မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးမှောင်ခိုသူများအား ထိုက်တန်သောအပြစ်ကို ပေးမည်ဖြစ်ကြောင်းနှင့် သေဒဏ်ချမှတ်ခြင်းကို ကာကွယ်သွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်လာအာမက်ဘာဒါဝီက ပြောကြားသည်ကို ဒေသဆိုင်ရာမီဒီယာက ဖေဖော်ဝါရီ ၂၃ရက်၌ ဖော်ပြသည်။

ထိုက်တန်သောအပြစ်ပေးမည်

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများကို သေဒဏ် ချမှတ်မည့် အနေအထားရှိပါက သေဒဏ်မပေးဘဲ ထိုက်သင့်သော အပြစ်ကိုပေးမည်ဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။

မူးယစ်ဆေးဝါးသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ခြိမ်းခြောက်နေသောအရာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြောကြား

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် မူးယစ်ဆေးဝါး ဥပဒေများနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ဩစတြေးလျ သတင်းထောက်တစ်ဦးက မေးမြန်းရာတွင် မလေးရှားဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ၏ ပထမဆုံးရုပ်ရှင်ကား ပြန်လည်ရိုက်ကူးမည်

ပေကျင်း ဖေဖော်ဝါရီ ၂၄

ပထမဆုံး တရုတ်ရုပ်ရှင်ကားဖြစ်သည့် ဒင်ဂျွန်းတောင်အမည်ရှိ ဇာတ်ကားကို ကြာသပတေးနေ့တွင် နိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ရုပ်ရှင်သရုပ်ဆောင် ကျန်ဇီရီနှင့် ဒါရိုက်တာ ကျန်ရီမုတို့ တရုတ်ရာဇဝင်ကားတစ်ကား ရိုက်ကူးနေစဉ်။

ဒင်ဂျွန်းတောင်ဇာတ်ကားတွင် ပီကင်းအော်ပရာသရုပ်ဆောင် တန်စင်ပိုင်းက ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၁၉၀၅ ခုနှစ်က ပေကျင်းမြို့၌ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်ပြသမည်

အဆိုပါရုပ်ရှင်ကားကို ဒါရိုက်တာ ကျန်ဂျွန်းက ပြန်လည်ရိုက်ကူးခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ထုတ်လုပ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းရုပ်ရှင်ကားထုတ်လုပ်မှုမှာ ဗွီဒီယိုပါအချက်အလက်များနှင့် သမိုင်းဆိုင်ရာ အချက်အလက်များ ကွဲလွဲမှုဖြစ်နေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းရုပ်ရှင်ကားဟောင်းမှာ မီးလောင်ခံရ၍ဖြစ်ကြောင်း၊ ၎င်းဇာတ်ဆောင်များထဲမှာ စင်ပိုင်တစ်ဦးသာအသက်ရှင်ကျန်ရှိတော့ကြောင်း ဇာတ်ညွှန်းရေးဆရာ ကျန်ပိုင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မုန်ညင်းစေ့မှရရှိသော အဆီ ဇီဝဒီဇယ်ဆီအဖြစ် တရုတ်နိုင်ငံ၌ ထုတ်လုပ်မည်

ကျီနန် ဖေဖော်ဝါရီ ၂၄

ဩစတြီးယားမှ ဘိုင်အိုလပ်စ်ကုမ္ပဏီသည် တရုတ်နိုင်ငံအရှေ့ဘက် ရှန်ဒေါင်းပြည်နယ်ရှိ ဝေဟိုင်မြို့တွင် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရန်အတွက် မတ်လ၌ စီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံ

အဆိုပါ စီမံကိန်းကို အမေရိကန်ဒေါ်လာ ၂၉ဒသမ ၁၄သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုနှင့် စီးပွားရေးကုန်သွယ်မှုဆိုင်ရာ မြူနီစီပယ်ဗျူရိုမှ အရာရှိများက ပြောကြားသည်။

ပြောင်းလဲမည်

ယင်းစီမံကိန်းအရ မုန်ညင်းစေ့မှရရှိသော အဆီကို ဇီဝဒီဇယ်ဆီအဖြစ် ပြောင်းလဲမည်ဖြစ်ပြီး နှစ်စဉ်ပမာဏ ၂၅၀၀၀၀တန် ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။ ရရှိသည့် ထုတ်ကုန်အားလုံးကို ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့မည်ဖြစ်ပြီး ပျမ်းမျှနှစ်စဉ်ရောင်းချရမှုမှ ဝင်ငွေယွမ် ၂ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄၆ဒသမ ၆သန်း) ရရှိမည်ဖြစ်ကြောင်း မြူနီစီပယ်ဗျူရို၏ သတင်းများအရ သိရှိရသည်။

ထုတ်လုပ်မည်

ဘိုင်အိုလပ်စ်ကုမ္ပဏီသည် မုန်ညင်းစေ့မှ ပြောင်းလဲထုတ်လုပ်မည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုကို ဝေဟိုင်မြို့၌ပင် အမေရိကန်ဒေါ်လာ ၅၀ဒသမ ၅၈ သန်း ရင်းနှီးမြှုပ်နှံကာ ဖက်စပ်လုပ်ငန်းဖြင့်လည်း နှစ်စဉ်ပမာဏ ၂၇၀၀၀၀တန် ရရှိရန် ထုတ်လုပ်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆေးဝါးအတုလုပ်သူများ ရောင်းအားတက်လာရန် အင်တာနက်ကို အသုံးပြုနေကြ

ဂျီနီဗာ ဖေဖော်ဝါရီ ၂၄

ဆေးဝါးအတုပြုလုပ်သူများသည် ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး တာမီ ဖလူးဆေးအပါအဝင် ဆေးအတုများ ရောင်းအားတက်လာရန်အတွက် အင်တာနက်ကို အသုံးပြုနေကြကြောင်း ကုလသမဂ္ဂမှ ကျန်းမာရေးပညာရှင်က ဖေဖော်ဝါရီ ၂၁ရက်တွင် ပြောကြားလိုက်သည်။

အင်တာနက်မှတစ်ဆင့် ယင်းဆေးဝါးများကို ဝယ်ယူအသုံးပြုနေခြင်းသည် အထူးသဖြင့် များယွင်းလျက်ရှိသည်။ ပဋိဇီဝဆေးများ၊ ငှက်ဖျားရောဂါကာကွယ်ဆေးနှင့် အကိုက်အခဲပျောက်ဆေးများကိုလည်း ဝယ်လိုအား များလာသောကြောင့် လိမ်လည် ထုတ်လုပ်လျက်ရှိသည်။ ဆွစ်နိုင်ငံ ရိုချီကုမ္ပဏီမှ ထုတ်လုပ်သည့် တာမီဖလူး ဆေးဝါးသည် ဝယ်လိုအားကောင်းလာ၍ ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။

အစီရင်ခံစာ

ကမ္ဘာ့ကျန်းမာရေး အဖွဲ့သို့ တာမီဖလူး ဆေးဝါးအတုများနှင့် ပတ်သက်၍ အစီရင်ခံစာများရောက်ရှိနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးနည်းပညာနှင့် ဆေးဝါးဆိုင်ရာ လက်ထောက် ညွှန်ကြားရေးမှူးချုပ် ဟိုဝါဒ်ဇူတာက ပြောကြားသည်။

ခန့်မှန်းထား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ဈေးကွက်တွင် ဆေးဝါးအတုများ ၁၀ ရာခိုင်နှုန်းထက် များမည်ဟု ခန့်မှန်းထားသည်။ ယင်းဆေးဝါးများကို သုံးစွဲသူများသည် တစ်ခါတစ်ရံ ဖျားနာကြပြီး သေဆုံးသည်အထိ ဖြစ်ခဲ့ရသည်။

သဘောတူခဲ့

ရောမတွင် ကျင်းပသည့် အစည်းအဝေးအပြီး သတင်းထောက်များကို ပြောကြားရာတွင် ယင်းအစည်းအဝေးသို့ တက်ရောက်လာသော ဆေးဝါးထုတ်လုပ်ရေး စက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် ဆေးဝါးအတုများ ကုန်သွယ်မှုကို တိုက်ဖျက်ရန်အတွက် အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် သဘောတူညီခဲ့ကြကြောင်းနှင့်အွန်လိုင်းမှတစ်ဆင့် ဆေးဝါးရောင်းချနေမှုကို ကြပ်မတ်ဆောင်ရွက်ရန် မလုပ်မနေ လုပ်ဆောင်ရန် လိုအပ်ကြောင်း ဇူကာက ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၄

ဝါရှင်တန်ဒီစီအနီးတွင် လေယာဉ်ငယ်တစ်စင်း နှင်းများကျဆင်းမှုကြောင့် ဖေဖော်ဝါရီ ၂၂ရက်က ပျက်ကျခဲ့ရာ အမျိုးသားနှစ်ဦးသေဆုံးပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်လေကြောင်းညွှန်ကြားမှု အဖွဲ့ချုပ် (အက်ဖ်အေအေ)မှ ပြောကြားသည်။

ပျံသန်းခဲ့

ယင်းအင်ဂျင်တစ်လုံးတပ်လေယာဉ်သည် ဗာဂျီးနီးယားပြည်နယ် မစ်လန့်ဒေသမှ ပျံတက်ခဲ့ပြီး နယူးဂျာစီပြည်နယ် အတ္တလန်တစ်စီတီးသို့ ပျံသန်းခဲ့ခြင်းဖြစ်သည်။

ရုတ်တရက်ပျက်ကျ

လူတစ်ယောက်ကို ခေါ်ယူရန်အတွက် ဝါရှင်တန်ဒီစီအနီးရှိ ဖရီးဝေး လေဆိပ်၌ ဆင်းရန် ကြိုးပမ်းနေစဉ် ရုတ်တရက် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ သေဆုံးသူ အမျိုးသားနှစ်ဦးသည် လေယာဉ်မှူးများ ဖြစ်ကြကြောင်း အက်ဖ်အေအေမှ ပြောကြားသည်။

ပို့ဆောင်ပေး

ဒဏ်ရာရရှိခဲ့သူ အမျိုးသမီးကို လေယာဉ်ပျက်ကျရာနေရာသို့ အပြေးအလွှား ရောက်ရှိလာသော လေဆိပ်ဝန်ထမ်းများက တွေ့ရှိ၍ ခန္ဓာကိုယ်အပေါ်ပိုင်း ဒဏ်ရာများ ရရှိထားသောကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ် သန်း၄၀ခန့်က ဝေလငါးအရိုးစု



အတ္တလန်တာအရှေ့တောင်ဘက် မိုင်၁၄၀ခန့်အကွာ ဆာဗားနားမြစ် ကြမ်းပြင်မှ အရှည်ပေ ၃၀ရှိသော ဝေလငါးအရိုးစုတစ်ကောင်၏ ဦးခေါင်းခွံ တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဦးခေါင်းခွံမှာ လွန်ခဲ့သော နှစ်သန်း၄၀ခန့်က ၎င်းဒေသတွင် ကျင်လည်ကျက်စားခဲ့သော တိရစ္ဆာန်တစ်ကောင်၏ ဦးခေါင်းခွံတစ်ခု ဖြစ်ကြောင်း၊ ထိုဦးခေါင်းခွံအပြင် အောက်မေးရိုး၊ သွားများ၊ ကျောရိုး၊ နံရိုးများနှင့် တင်ပဆုံရိုးတို့ကိုလည်း ရှာဖွေတွေ့ရှိကြောင်း သိရသည်။

ဂျော်ဂျီယာနိုင်ငံ စတာတက်ဘိုရိုမြို့ရှိ ဂျော်ဂျီယာ တောင်ပိုင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက အဆိုပါ အရိုးစုမှာ ရှေးခေတ်ဝေလငါးတစ်ကောင်၏ အရိုးစုများ ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့အနေဖြင့် ရှေးခေတ်တိရစ္ဆာန်တို့၏ နေထိုင်ကျက်စားခဲ့မှုများကို အမြဲတမ်း လေ့လာလျက်ရှိရာ ယခုတွေ့ရှိရသော ဝေလငါးအရိုးစုမှာ လေ့လာသုတေသနပြုမှုအတွက် ကောင်းစွာအထောက်အကူပြုမည်ဖြစ်ကြောင်း အဆိုပါတက္ကသိုလ်မှ သုတေသနပညာရှင် ရစ်ချက်ဟူလ်ဘတ်က ပြောကြားသည်။ **(အင်တာနက်)**

နားသံသီး အများဆုံးဖောက်ဆွဲသူ ဂင်းနက်စ်မှတ်တမ်းဝင်

စကော့တလန်နိုင်ငံ အီဒင်ဘတ်မြို့နေ ဘရာဇီးနိုင်ငံသူ အယ်လိန်းဒါးဗစ်စွန် ဆိုသူသည် ကမ္ဘာ့ နားသံသီးအများဆုံး ခန္ဓာကိုယ်နှင့် မျက်နှာအနှံ့ ချိတ်ဆွဲခြင်းဖြင့် ဂင်းနက်စ် မှတ်တမ်းဝင်အောင် ကြိုးစားပြနေခြင်း ဖြစ်သည်။ အဆိုပါအမျိုးသမီး **(အောက်ပုံ)** သည်နားသံသီး အလုံးပေါင်း ၁၉၀၀ခန္ဓာကိုယ်နှင့် မျက်နှာတွင် ဖောက်၍ ချိတ်ဆွဲခြင်းဖြင့် ဂင်းနက်စ်မှတ်တမ်းဝင် ကြိုးစားခဲ့ခြင်းပင် ဖြစ်သည်။

(အင်တာနက်)

မော်တင်စွန်း ဗုဒ္ဓပူဇနိယပွဲတော်သို့ ပုသိမ်သူမှန်လုံယာဉ်များပြေးဆွဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မော်တင်စွန်းဗုဒ္ဓပူဇနိယပွဲတော်သို့ ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေး လုပ်ငန်းမှ အထူးအစီအစဉ်ဖြင့် မှန်လုံယာဉ်များ ပြေးဆွဲပေးမည်ဖြစ်သည်။

ရွှေမန်းသူအဝေးပြေးခရီးသည် ပို့ဆောင်ရေးလုပ်ငန်းမှ ပုသိမ်သူအထူး မှန်လုံယာဉ်များဖြင့် ရန်ကုန်မှ မော်တင်စွန်းဘုရားသို့ ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်၍ တိုက်ရိုက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပုသိမ်မှ ဘုရားဖူးများအတွက် ပုသိမ်မှ မော်တင်စွန်းဘုရားသို့ ပုသိမ်သူ အထူးမှန်လုံယာဉ်များဖြင့် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ အပတ်စဉ် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၀၁–၅၇၉၆၅၅၊ ၅၇၃၂၅၉၊ ၅၆၃၃၀၃၊ ၀၄၂–၂၁၂၂၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာ ကျောင်းသား ကျောင်းသူများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၃၁ ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနစာကြည့်ခန်းမ၌ နံနက် ၁၀နာရီမှ စတင်ကျင်းပမည် ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များ တက်ရောက်ကြရန် နိုးဆော်ထားသည်။

အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများသည် ဒေါက်တာကြင်လှိုင် ဖုန်း–၀၁–၅၃၆၂၈၈၊၀၁–၅၀၄၈၀၃၊ ဒေါ်နုရီ ဖုန်း–၀၅၆–၂၁၈၇၆(၁၃၀)၊ ဒေါ်ရှင်ဝါ ဖုန်း–၀၁–၅၂၅၁၄၀၊ ဒေါ်ကြူကြူလှ ဖုန်း–၀၁–၅၆၆၅၉၃၊ ဒေါ်နွဲ့နွဲ့ရီ ဖုန်း–၀၁–၅၃၅၂၉၆၊ ဒေါ်မိမိအောင် ဖုန်း–၀၁–၅၈၅၀၁၉၊ ဒေါ်စန်းစန်းဝင်း ဖုန်း–၀၁–၅၁၃၅၄၂နှင့် ဒေါ်ခင်မြင့်မြင့် ဖုန်း–၀၉–၅၀–၁၁၃၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျိုက်လတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကျိုက်လတ်မြို့နယ် အသင်း (ရန်ကုန်) ၏နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၁၂ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းခမ္မာရုံ (ဗဟန်းမြို့နယ်)တွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းမဝင်ရသေးသော မြို့နယ်သူမြို့နယ်သား အားလုံးတက်ရောက်ကြရန် နှင့် အသက် ၇၅နှစ်နှင့်အထက်အသင်းဝင် အပူဇော်ခံ ဘိုးဘွားစာရင်း (၂၀၀၃–၂၀၀၄) (၂၀၀၄–၂၀၀၅)ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများစာရင်းကို မတ် ၁၀ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အသင်းရုံး ဖုန်း–၅၀၁၅၁၈ သို့ပေးပို့ရန်နှင့်အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးမောင်ညိမ်း(ငြိမ်း) ဖုန်း–၆၆၇၁၃၂၊ ဗိုလ်ကြီးသိန်းလွင် (ငြိမ်း) ဖုန်း–၂၅၁၂၇၅၊ ဒုတိယရဲမှူးကြီးကျော်ရင် (ငြိမ်း) ဖုန်း–၅၆၀၅၂၀၊ ဦးအေးနိုင် ဖုန်း–၅၄၂၀၀၉၊ ဦးစိုးဝင်း ဖုန်း–၂၂၇၂၉၂၊ ဒေါ်သိန်းသိန်းဇော် ဖုန်း–၅၅၅၆၇၀၊ ဒေါ်မြင့်မြင့် ဖုန်း–၆၉၉၄၇၀၊ ဒေါ်သန်းသန်းအေး ဖုန်း–၃၇၇၅၆၆နှင့် ဒေါ်မိမိ ဖုန်း–၅၁၃၄၁၃ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

၁၈ရာစုက ရထားလုံး

ရုရှားနိုင်ငံ မော်စကိုမြို့တော်ရှိ သမိုင်းပြတိုက်၌ ရှေးဟောင်းခေတ်သုံး ရထားလုံးတစ်ခုကို ပြသထားလျက်ရှိသည်။ အဆိုပါ ရထားလုံးမှာ ၁၈ရာစုခန့်က ရုရှားနိုင်ငံ မြို့ကြီးများတွင် အသုံးပြုခဲ့သည့် ယာဉ်တစ်ခုဖြစ်ပြီး ခရီးတိုသွားလာရာ၌ အသုံးပြုခဲ့ကြခြင်း ဖြစ်သည်။

ထိန်းသိမ်းပြသထား

အဆိုပါ ရထားလုံးကို မော်စကိုမြို့တွင် နေထိုင်သူ စီဇာပေါက ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ မော်စကိုသမိုင်းပြတိုက်တွင် ထိန်းသိမ်းပြသထားခြင်း ဖြစ်သည်။

ထိုရထားလုံး ပုံစံမျိုးကို ၁၈ရာစုက လန်ဒန်မြို့နှင့်အင်္ဂလန်နိုင်ငံ အခြားမြို့ကြီးများတွင်လည်း ပြုလုပ်သုံးစွဲခဲ့ကြောင်း၊ ယင်းမှတဖြည်းဖြည်းပြောင်းလဲလာမှုကြောင့် ခေတ်မော်တော်ယာဉ်များ ပေါ်ပေါက်လာသဖြင့်ထိုရထားလုံးများ ပျောက်ကွယ်ခဲ့ရခြင်းဖြစ်သည်။ **(ကိုးကားချက်–အင်တာနက်)**

အသက်နှစ် ၁၀၀ပြည့် ဆွီဒင်အမြွှာညီအစ်မ

ဆွီဒင်နိုင်ငံတွင် လွန်ခဲ့သော ၁၉၀၅ ခုနှစ် ဇန်နဝါရီအတွင်းက မွေးဖွားခဲ့သော ဆွီဒင်အမြွှာညီအစ်မနှစ်ဦးသည် ယခုအခါ ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး အမြွှာဖြစ်လာခဲ့ပြီဖြစ်သည်။

ကျင်းပနိုင်ခဲ့

ဆွီဒင်အမြွှာညီအစ်မဖြစ်သော ဂန်ဟီဂီလ်စတတ်(ဝဲ)နှင့် ဆီရီအိုင်ဗာဆင်တို့မှာ ၎င်းတို့၏ အသက်နှစ် ၁၀၀ ပြည့် မွေးနေ့ပွဲကို မကြာမီက အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။

လူ့သက်တမ်းရှည်ကြာစွာ နေထိုင်နိုင်ခြင်းသည် လူနေထိုင်မှုဘဝ အသိပညာကြွယ်ဝမှုနှင့် မျှတသော အာဟာရကိုမှီဝဲခြင်း၊ ကျန်းမာရေး လိုက်စားခြင်းတို့ကြောင့်ဖြစ်ကြောင်း အသက် ၁၀၀ ပြည့် ဆွီဒင်အမြွှာညီအစ်မမွေးနေ့ပွဲ၌ စတန်းဖို့ဒ်တက္ကသိုလ်မှ ဇီဝဗေဒပညာရှင် ရှက်ပတ်တူလ် ဂျာပူကာက ပြောဆိုသည်။ **(ကိုးကားချက်–အင်တာနက်)**

သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးစီမံ လူဇင်ဘတ်၌ မှန်များဖြင့် အဆောက်အအုံတည်ဆောက်နေ

လူဇင်ဘတ်နိုင်ငံ မြို့တော်လူဇင်ဘတ်တွင် အကာအရံများအားလုံးကို မှန်များဖြင့်သာ ပြုလုပ်ထားသော အထပ်မြင့်အဆောက်အအုံတစ်ခု တည်ဆောက်လျက်ရှိသည်။

အဆိုပါ အဆောက်အအုံတွင် အစည်းအဝေးခန်းမများ၊ စာသင်ခန်းများ၊ ဆွေးနွေးဟောပြောပွဲများပြုလုပ်ရန် ခန်းမကျယ်များ၊ ဈေးရောင်းဆိုင်များလည်း ပါဝင်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကာကွယ်

အဆောက်အအုံ၏အထပ်တိုင်းတွင် အရောင်မရှိသော မှန်ပြားထုများ၊ ရောင်ပြန်မှန်ပြားထုများဖြင့် ပြုလုပ်ထားသော နံရံများ၊ အနက်ရောင်မှန်ပြားထုများဖြင့် အထူးတပ်ဆင်ပြုလုပ်ထားပြီး သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် အစီအစဉ်များပြုလုပ်ထားသည်။

အပူအအေးညီမျှရန်

အထပ်တိုင်းတွင် မှန်များဖြင့်ကာရံထားသဖြင့် အပူအအေးညီမျှစေရန် အပူပေးစနစ်နှင့် အအေးဓာတ်ပေးစနစ်များ ပြုလုပ်တပ်ဆင်ပေးထားသည်။

မှန်များဖြင့်တည်ဆောက်

အဆိုပါ အဆောက်အအုံသည် လူဇင်ဘတ်နိုင်ငံ၏ ပထမဆုံးမှန်များဖြင့် တည်ဆောက်ထားသော အဆောက်အအုံဖြစ်ကြောင်းသိရသည်။ **(ကိုးကားချက်–အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

တရုတ်နိုင်ငံ၌ သံလိုက်ရထားပြေးဆွဲတော့မည်

တရုတ်နိုင်ငံသည် ယမန်နှစ်က စီးပွားရေးတိုးတက်မှုကိုးရာခိုင်နှုန်းကျော်ခဲ့သည်။ ကုန်ထုတ်စွမ်းအားမြင့်မားမှုကြောင့် နှစ်စဉ်နိုင်ငံခြားငွေ ပိုငွေများမြင့်တက်ခဲ့သည်။

နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ နည်းပညာကဏ္ဍတွင်လည်း အနောက်နိုင်ငံများနည်းတူ အမီလိုက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ ပို့ဆောင်ရေးလုပ်ငန်းကို အထောက်အကူပေးမည့် သံလိုက်ရထားကြီးကို တရုတ်သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ထားပြီးဖြစ်သည်။

ယင်းသံလိုက်ရထားကြီးကို ဂျာမန်သံလိုက်အမြန်ရထားကိုအခြေခံပြီး ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသံလိုက်ရထားကြီးသည် တရုတ်နိုင်ငံ၏စီးပွားရေးအချက်အချာကျရာ ရှန်ဟိုင်းမြို့နှင့် ဟန်ကျိုးမြို့အရှေ့ပိုင်းတို့သို့ ဆက်သွယ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အစိုးရသတင်းရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

(ကိုးကားချက်–အေအက်ဖ်ပီ)

ကျွန်းစုမြို့နယ် မိခင်/ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ဖွင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက မြိတ်ခရိုင် ကျွန်းစုမြို့၌ ကျင်းပသည့် ကျွန်းစုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းညွန့်က အဆောက်အအုံဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းညွန့်နှင့် မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါအသင်းရုံး အဆောက်အအုံသည် အလျား ၃၆ပေ၊ အနံ ၂၈ပေ၊ အမြင့် ၂၂ပေရှိ သွပ်မိုးအုတ်စီ နှစ်ထပ်အဆောက်အအုံဖြစ်၍ ငွေကျပ် ၇၉ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်

ထို့နောက်အဆောက်အအုံအပေါ်ထပ်ခန်းမတွင် မြို့နယ်အသင်းအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ်တစ်သိန်းကို တိုင်းမှူးကလည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ်တစ်သိန်းကို တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းအောင်ကလည်းကောင်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေကျပ်တစ်သိန်းကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့ကလည်းကောင်း၊ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးလှသန်းနှင့်ဇနီး ဒေါ်ခင်သန်းရီတို့က အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းက လက်ခံရယူသည်။

စုပေါင်းပျိုးထောင်

ထိုမှတစ်ဆင့်တိုင်းမှူးသည် ကျွန်းစုတပ်နယ်ပျိုးဥယျာဉ်အတွင်း ကျင်းပသည့် ကျွန်းစုမြို့နယ်ခြံစည်းရိုးကြက်ဆူပင်စု ပေါင်းပျိုးထောင်ပွဲအခမ်းအနားသို့ တက်ရောက်ရာမြို့နယ်ဥက္ကဋ္ဌ ဦးသန်းညွန့်က မြို့နယ်အတွင်း ၂၀၀၅-၂၀၀၆ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူဧက ၂၅၀ စိုက်ပျိုးရန် စီမံဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်က ကျွန်းစုတပ်နယ် အတွင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တနင်္သာရီတိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံရေးနှင့် ဆီအုန်းနှင့်ရော်ဘာ၊ ငရုတ်ကောင်းစသည့် နှစ်ရှည်ပင်များလျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးနိုင်ရေးအကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

ထို့နောက်တိုင်းမှူးက ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့်ပျိုးကိုင်းများကို ဌာနဆိုင်ရာများဝေငှပေးအပ်ပြီး တိုင်းမှူးနှင့်ဇနီးတာဝန်ရှိသူများသည် ကြက်ဆူမျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြ၍ ဌာနဆိုင်ရာ နှင့် လူမှုရေးအသင်းအဖွဲ့များ၏ ကြက်ဆူမျိုးစေ့ ၁၈၂၀၀၀ နှင့် မျိုးကိုင်း ၃၇၀၀၀ စုပေါင်းပျိုးထောင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက်တိုင်းမှူးသည် ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးကာ ဆေးဝါးနှင့်ဓာတ်စာများ ထောက်ပံ့ပေးအပ်ပြီးနောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံရိပ်သာဆောက်လုပ်ရေးအတွက် အမှတ်(၅၅) ၇ လမ်း လမ်းမတော်မြို့နယ်နေ ဦးသန်းအောင်-ဒေါက်တာဟွိသင်းတို့က အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဓမ္မကထိက ဦးသိန်းဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာ-ဂျပန် ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းလေ့လာရေးအဖွဲ့ မြိုင်မြို့နယ်အခြေပြု ပုံတောင်ကျောက်လွှာစုများရှိ ရုပ်ကြွင်းများရှာဖွေ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ-ဂျပန် ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ဗဟင်းဒေသကို အခြေပြု၍ ပေါက်ကောင်း၊ သဒွတ်နှင့် ညောင်ပင်လယ်ကျေးရွာ ပတ်ဝန်းကျင်ရှိ ပုံတောင်ကျောက်လွှာစုများရှိရာ ကျစ်ချောင်များမှ အဆင့်မြင့် လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေခြင်းနှင့် ကျောက်ထရဗေဒဆိုင်ရာ တိုင်းတာခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၈ရက်အထိ ကွင်းဆင်းရှာဖွေလေ့လာခဲ့ကြသည်။

ကွင်းဆင်းအဖွဲ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်၊ သုတေသနအရာရှိ ဦးအောင်အောင်ကျော်၊ ပညာရေးဝန်ကြီးဌာန မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန ကထိက ဒေါက်တာမောင်မောင်၊ သရုပ်ပြ ဦးဇင်မောင်မောင်သိန်းတို့ ပါဝင်ပြီး ဂျပန်ပညာရှင်အဖွဲ့တွင် ကျိုတိုပရိုင်းမိတ် သုတေသနဌာနမှ တွဲဖက် ပါမောက္ခ Dr, Masanaru Takai နှင့်အဖွဲ့ဝင် နှစ်ဦး ပါဝင်ကြသည်။

အပ်နှံထိန်းသိမ်းထား

ကွင်းဆင်းလေ့လာရာမှ ညောင်ပင်လယ် ကျေးရွာအနီး အုန်းပြိုင်တောကျစ်ချောင်အမှတ်(၄)မှ ပုံတောင်ဂီးယား ပရိုင်းမိတ်၏ ယာဘက်အောက်ရှေ့သွားအမှတ်(၂)တစ်ချောင်းနှင့်အတူ ရှဉ့်နှင့်ကြွက် မူလမျိုးနွယ်၊ ဝက်မူလမျိုးနွယ်၊ တောင်ဆိတ်မူလမျိုးနွယ်၊ ကြံ့မူလမျိုးနွယ်၊ အသားစားသတ္တဝါတို့၏သွား၊ မေးရိုးနှင့် အရိုးအပိုင်းအစများအပြင် သစ်ရွက်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ပေ ၁၀၀ ခန့်ရှိသော အပင်ကျောက်ဖြစ်ရုပ်ကြွင်းတို့ကိုပါ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်း စုစုပေါင်း ၁၁၂ ခုကို လွန်ခဲ့သောနှစ် သန်းပေါင်း ၃၇ သန်းကျော် သက်တမ်းရှိသော ပုံတောင်ကျောက်လွှာစု အပေါ်ပိုင်းမှ တွေ့ရှိခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနတွင် အပ်နှံထိန်းသိမ်းထားမည်ဖြစ်သည်။

ယခုနှစ် တွေ့ရှိခဲ့သော ပုံတောင်ဂီးယားပရိုင်းမိတ်၏ အောက်ရှေ့သွား အမှတ် (၂) သည် ပထမဆုံးအကြိမ် တွေ့ရှိခြင်းဖြစ်ပြီး အဆင့်မြင့် လူတူပရိုင်းမိတ်တို့၏ ဆင့်ကဲဖြစ်စဉ် ပြောင်းလဲမှုကို လေ့လာရာတွင် များစွာ အထောက်အပံ့ပြုနိုင်မည့် တွေ့ရှိချက်တစ်ရပ်ဖြစ်သည်။

ကျင်းပခဲ့

ဖေဖော်ဝါရီ၁၉ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ-ဂျပန် ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့ဝင်များသည် အဆင့်မြင့်ပရိုင်းမိတ်များနှင့် ပတ်သက်သော ဆွေးနွေးပွဲ(Work Shop) တစ်ခု ကျင်းပခဲ့သည်။

ဆောင်ရွက်နိုင်မည်

ရန်ကုန်-မန္တလေးကားလမ်း ပျဉ်းမနားမြို့နယ်အနီး၌လည်း ကျစ်ချောင်မြေ အများအပြားတွေ့ရှိရပြီး အဆိုပါဒေသများမှလည်း အပင်ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိထားသဖြင့် အနာဂတ်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေသုတေသနပြုရေးအတွက် နယ်မြေသစ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသားစား မူလမျိုးနွယ် သတ္တဝါတို့၏ သွား၊ မေးရိုးနှင့် အရိုး၊ အပိုင်းအစ များကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

ကိုယ်တွေ့ဉာဏ်မြင် တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်များနှင့် အညီ ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံ့ကြီး)က ဗိုလ်တထောင် စေတီတော် ဆိပ်ကမ်း လုပ်သားများ ဓမ္မာရုံတွင် မတ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အမှတ် (၇) ရပ်ကွက်လိပ်ကန် လမ်းရှိ အိုးဘိုဓမ္မာရုံတွင် မတ် ၁၅ရက်မှ ၂၁ ရက် အထိညနေ ၆နာရီခွဲမှ ၈နာရီ အထိ လည်းကောင်း၊ ကျောက်တံတား မြို့နယ် ၃၈ လမ်း အလယ်ရှိ မင်္ဂလာဓမ္မာရုံတွင် မတ် ၂၃ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီမှ ၇နာရီ ခွဲ အထိ လည်းကောင်း သမထ ဝိပဿနာ တ ရား တော်များကို ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာ ဉာဏ်စိုက် ဟောပြောပို့ချမည် ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၁၅ရက်က သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သုတဘဏ်စာကြည့်တိုက်သို့ ကိုအောင်မိုးကျော်-မစန္ဒာဝင်း အမှတ်(၆၉၈) သုမန ၄ လမ်းမှ တတိယအကြိမ် စာအုပ်လှူဒါန်းရာ စာကြည့်တိုက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စာအုပ်များကို လက်ခံရယူစဉ်။ (၀၅၂)

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ ရာသက်ပန်အသင်းဝင်ကတ်များ ပေးအပ်ပွဲ၊ အလှူငွေပေးအပ်ပွဲနှင့် မုန့်ရောင်းပွဲကို ဖေဖော်ဝါရီ ၁၉ရက်က အဆိုပါ အသင်းခွဲရုံး၌ ကျင်းပရာ မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က အသင်းဝင် ၁၁၂ဦး၏ ရာသက်ပန်အသင်းဝင်ကတ်များကို ရွှေပေါက်ကံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမွန်ထံ ပေးအပ်စဉ်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား နီပေါနိုင်ငံ သံအမတ်ကြီးနှင့် မလေးရှားနိုင်ငံဧည့်သည်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Lt. Gen Victory SJB Rana (Retd) **(ဝဲပုံ)** သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ မလေးရှားနိုင်ငံအခြေစိုက် ADDAUDIO EX SDN BHD မှ အမှုဆောင်အရာရှိချုပ် Mr. Ng Cheong Eng နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံကြရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❐ ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးက ကျေးရွာအတွက် အားကစား ပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူပြီး ရပ်မိရပ်ဖ ဦးသိန်းထိုက်က စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်မှုအတွက် ကျေးဇူးတင် စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်သည် မြင်းကောင်ရေ ၁၀၀ အားရှိပြီး လျှပ်စစ် ဓာတ်အား ကီလိုဝပ်၄၀၀ ထွက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုရီးယားနှင့်မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ကိုရီးယား သမ္မတနိုင်ငံရှိ စီးပွားရေး ကုမ္ပဏီ ရှစ်ခုတို့မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ပေါင်း ၅၀ ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Ju-Heum **(ယာအောက်ပုံ)** နှင့် စီးပွားရေးသံမှူး Mr. Oh Jae-Ho တို့ တက်ရောက်အားပေးသည်။

တွေ့ဆုံဆွေးနွေး

အခမ်းအနားတွင် ကိုရီးယား သမ္မတနိုင်ငံရှိ သွားဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ အစား အသောက် ထုပ်ပိုးစက်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံး သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီသုံးစက်ပစ္စည်းများ၏ စက်ဘားအမျိုးမျိုး၊ အအေးခန်းသုံး စက်ပစ္စည်းဘားအမျိုးမျိုး၊ LPG ဓာတ်ငွေ့လုံခြုံမှု စနစ်သုံး အချက်ပေးစနစ်၊ မော်တော်ကား အမ်ပလီဖိုင်ယာ၊ ကားမောင်းစဉ် လက်ကိုင်ဖုန်းပြောနိုင်သော ဖုန်းစနစ်၊ ကားရပ်နားစနစ်၊ အမ်ပလီဖိုင်ယာ၊ မစ်ဇာနှင့် ပီအေစနစ်အမျိုးမျိုးနှင့် ကျန်းမာရေး အထောက်အကူ ပြုရေသန့်စင်စက်၊ ရေချိုးခန်းသုံးစက်နှင့် လေသန့်စင်စက် အမျိုးမျိုးထုတ်လုပ်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့ နံနက် ၁၁ နာရီတွင် အမှတ် ၂၃၈ ဓမ္မစေတီလမ်းရှိ စင်ကာပူသံရုံးသို့ သွားရောက်၍ စင်ကာပူ ဒုတိယဝန်ကြီးချုပ်ဟောင်း Mr.S.Rajaratnam ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ် ၅၉ နေ ဘွားအိမ်ပြည့် (၁၀၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလုထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးလုထွန်း လက်ခံယူစဉ်။

(က-ပ)

မြန်မာစာသုံးကွန်ပျူတာစနစ် စတင်မိတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကွန်ပျူတာစနစ်အသီးသီးတွင် အသုံးပြုနိုင်မည့် မြန်မာစာသုံးကွန်ပျူတာစနစ် My Myanmar Unicode System ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ထူးမြင့်နောင်က အောင်မြင်စွာ တီထွင်လုပ်ဆောင်ပြီးဖြစ်ရာ အဆိုပါ My Myanmar Unicode System ကို မိတ်ဆက်တင်ပြခြင်းနှင့် နည်းပညာဆိုင်ရာ အချက်အလက်များဆွေးနွေးခြင်းအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်(လျော်ကား) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်း၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ၊ တောင်ကိုရီးယား၊ မလေးရှား၊ တရုတ်၊ ဂျာမနီ၊ စင်ကာပူ၊ ယူနိုက်တက်ကင်းဒမ်း၊ ဒိန်းမတ်၊ ဂျပန်၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံများမှ ကွန်ပျူတာပညာရှင်များ၊ ပါရဂူဘွဲ့ သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ထူးမြင့်နောင်က Unicode Standard အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ထားသော My Myanmar Unicode System နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

My Myanmar Unicode System သည် ၁၉၉၉ ခုနှစ်က အတည်ပြုခဲ့သော Unicode Standard Myanmar Character Set ကို ကွန်ပျူတာစနစ်အသီးသီးတွင် စံအဖြစ် သတ်မှတ်အသုံးပြု၍ရစေရန် အကောင်အထည်ဖော် ဆောင်ရွက်ထားသော မြန်မာစာသုံး ကွန်ပျူတာစနစ်ဖြစ်သည်။ အဆိုပါစနစ်သည် ကွန်ပျူတာတွင် မြန်မာစာကိုအသုံးပြုသည့်အခါ စာလုံးများ စနစ်တကျ အောက်သို့ဆင်းခြင်း သတ်ပုံမှားမှန်ကို ထိန်းချုပ်ပေးနိုင်ခြင်း၊ မြန်မာအက္ခရာများကို ငယ်စဉ်ကြီးလိုက်၊ ကြီးစဉ်ငယ်လိုက် စီနိုင်ခြင်း၊ မြန်မာအက္ခရာများကို ပုံမှန်အစီအစဉ်တိုင်း ရိုက်နှိပ်နိုင်ခြင်း၊ စာရင်းဇယားများတွင် ကိန်းဂဏန်းအဖြစ် တွက်ချက်နိုင်ခြင်း၊ အင်တာနက်ဝက်ဘ်ဆိုက်များ၊ ပရိုဂရမ်များရေးသားရာတွင် မြန်မာစာကို နည်းလမ်းတကျ အသုံးပြုနိုင်စေခြင်းစသည်တို့ကို လုပ်ဆောင်ပေးနိုင်သည်။

My Myanmar Unicode System ကို အများပြည်သူများ အသုံးပြုနိုင်စေရန် လာမည့် မတ်လ ပထမပတ်အတွင်း အခမဲ့ ဖြန့်ချိပေးသွားမည်ဖြစ်ပြီး အင်တာနက်တွင် WWW my myanmar. net မှ Download လုပ်ယူ အသုံးပြုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဦးစိန်သန်း- ဒေါ်မြသွေးရည်၊ သမီး မမီမီခိုင် မိသားစုတို့က အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးမြင့်ဦးထံသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဒလမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဦးထွန်းလင်းနှင့် ဒေါ်ထွေးထွေးမင်းတို့၏သမီး မထွန်းရူပါလင်း(ဒလမြို့နယ် အခြေခံသိပ္ပံထက်မြက်ထူးချွန်ဆု)ရ မိသားစုမှ ကျောင်းပရိဘောဂများ လှူဒါန်းခြင်းအတွက် ကျောင်းအုပ်ဆရာကြီး ဦးတင်ရွှေက ဂုဏ်ပြုမှတ်တမ်းလွှာအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ရွှေဘုံသာလမ်းတစ်လျှောက် လမ်းပြုပြင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

ထို့နောက်တိုင်းမှူးနှင့်အဖွဲ့သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ရွှေဘုံသာလမ်းပိုင်းတစ်လျှောက် လမ်းပြုပြင်ခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်းတစ်လျှောက် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ လမ်းဘေးဝဲယာ အမှိုက်များ ရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

အခွန်လွတ်ဈေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် စွယ်တော်လမ်းရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ကုန်းမြင့်သာယာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းဈေးဝယ်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ **ကျောဖုံးမှ**

လှော်ကားဥယျာဉ်သည် ရန်ကုန်မြို့တော်မြောက်ဘက် ၂၂မိုင်အကွာ ရန်ကုန်–ပြည် ကားလမ်းမကြီး ဘေး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့–လှော်ကားရွာသွား ကားလမ်းဘေးတွင် တည်ရှိသည်။

ဥယျာဉ်အတွင်း တိရစ္ဆာန်ဥယျာဉ်ငယ် ၆၂ဧက၊ တောရိုင်းတိရစ္ဆာန်များအား လွတ်လပ်စွာ မွေးမြူလွှတ်ထားသော သဘာဝဥယျာဉ် ၈၁၈ ဧကနှင့် ကြားခံနယ်မြေ ၆၆၀ ဧက စုစုပေါင်းဧက ၁၅၄၀ ရှိသည်။

တောတောင်တစ်ခု

လှော်ကားဥယျာဉ်တွင် အဖိုးတန် ကျွန်း၊ ပျဉ်းကတိုးပင်များ၊ ဆေးဖက်ဝင်အပင်များနှင့် အခြားသစ်ပင်မျိုးစုံ ပေါက်ရောက်လျက်ရှိနေသော တောတောင်တစ်ခုဖြစ်သည်။

ဥယျာဉ်နေရာသည် ရန်ကုန်မြို့တော်အား ရေပေးဝေနေသည့် လှော်ကားရေလှောင်ကန်၏ ရေဝေရေလဲဒေသဖြစ်သော လှော်ကားဥယျာဉ်သဘာဝတောများကို ထိန်းသိမ်းပေးနေသော အဓိကနေရာဖြစ်သည်။

အပန်းဖြေနိုင်

ဥယျာဉ်အတွင်းတွင် တိရစ္ဆာန်များအတွက် သောက်ရေ၊ ချိုးရေ၊ စိမ်ရေရရှိနိုင်ရန်အတွက် ဆည်၁၀ခု ဖန်တီး တည်ဆောက်ထားသည်။ အပန်းဖြေနိုင်ရန်အတွက် ဆင်စီးခြင်း၊ စက်လှေအပျော်စီးခြင်း၊ အဆင့်မြင့်နားနေဆောင် သုံးခု၊ သစ်လုံးနေအိမ်များနှင့် ရိုးရာတဲ၁၃ခုတို့တွင် ငှားရမ်း အပန်းဖြေနိုင်ကြောင်း သိရသည်။

ထို့ပြင် ငှက်မျှော်စင်၊ တောတွင်းလျှောက်လမ်း၊ တောတွင်းအပန်းဖြေစခန်းများကို တည်ဆောက်ဖောက်လုပ်ထားပြီး လှော်ကား သဘာဝဥယျာဉ်ကို အပေါ်စီးမှ ကြည့်ရှုနိုင်သည့် ရှုခင်းသာမျှော်စင်ကိုလည်း တည်ဆောက်ထားသည်။

လှေလှော်နိုင်

လှော်ကားဥယျာဉ်ကို တနင်္လာနေ့မှအပ ကျန်ရက်များတွင် နံနက် ၈နာရီမှ ညနေ၄နာရီအထိ ဖွင့်လှစ်ထားသည်။ အပန်းဖြေသူများ ဝင်ကြေးပေးပြီးသည်နှင့် ငါးမိုင် လေးဖာလုံရှည်သော ဥယျာဉ်ပတ်လမ်းကို ဘတ်စ်ကားဖြင့် အခမဲ့ တစ်နာရီလျှင် တစ်စီးကျ ထွက်ခွာ၍ လှေလှော်နိုင်ကြသည်။

ရန်ကုန်မြို့နှင့်အနီးဆုံး တောတောင်ကိုပြပါဆိုလျှင် လှော်ကားဥယျာဉ်ကိုသာ ပြရမည်ဖြစ်သည်။ သစ်ကြီး၊ ဝါးကြီး၊ ကျေးငှက်သာရကာများဖြင့် တောတောင်သဘာဝကို အပြည့်အဝ ခံစားနိုင်သော လှော်ကားဥယျာဉ်သို့ တစ်ခါတစ်ခေါက် သွားရောက် အပန်းဖြေအနားယူ လှေလှော်ကြပါဟူ၍ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မီးဘေးအန္တရာယ်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တောင်ငူမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေအား ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ ဖေဖော်ဝါရီ၆ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်သူရနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့က ရှင်းလင်းတင်ပြခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

■ **ရှေ့ဖုံးမှ**

ရေချိုထိန်းသိမ်းခြင်းနှင့် နွေရာသီရေငန်ဝင်ရောက်မှုမှကာကွယ်နိုင်ခြင်း၊ မိုးရေများကို မိုးရာသီတွင် ဆောလျင်စွာထုတ်နုတ်ခြင်းနှင့် နွေစပါးအောင်ရေပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ရေဆင်းဇရိယာ

ရင်းငြိမ်ရေထိန်းတံခါးကို ပေါင်မြို့နယ် ကျုံဟော်ရွာအထက်တစ်မိုင်ခန့်အကွာရှိ ရင်းငြိမ်ချောင်းအနီးတွင် တည်ဆောက်ပြီး ရေဆင်းဇရိယာ ၃၁ ဒသမ၂၅စတုရန်းမိုင်ရှိ၍ ရေတံခါးအရွယ်အစားမှာ ခြောက်ပေ X၁၆ပေ တံခါးပေါက် ၄၀ကို ကွန်ကရစ်ရေထိန်းတံခါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ရင်းငြိမ်ရေထိန်းတံခါး ရေခေါ်မြောင်းမကြီးမှာ ပေ ၂၆၀၀နှင့် ရေထုတ်မြောင်းမကြီးသည် အလျားပေ၂၄၀၀ရှိသည်။

အကျိုးပြုသွားမည်

ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ခြင်းဖြင့် ပေါင်မြို့နယ်များအတွင်း ရေကြီးကွင်းလယ်မြေများ ဖော်ထုတ်စိုက်ပျိုးနိုင်စေခြင်း၊ မိုးရာသီတွင် ရေကြီးကွင်းများသို့ ပြင်ပမြစ်ရေဝင်ရောက်မလာစေရန်နှင့် ပိုလျှံရေများကို မုတ္တမကွေ့ဘက်သို့ထုတ်နုတ်နိုင်ရန် မွန်ပြည်နယ် သထုံခရိုင်အတွင်းတည်ဆောက်ထားပြီး ဆည်တမံရေထိန်းတံခါးများနှင့် တစ်ဆက်တစ်စပ်တည်း အကျိုးပြုသွားမည်ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

သတင်းမှတ်စု–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံဟော်ရွာအထက်တွင် တည်ဆောက်ပြီးစီးသွားသည့် ရင်းငြိမ်ရေထိန်းတံခါး၏ ရေခေါ်မြောင်းမကြီးကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဘုရင့်နောင်ဈေးမိသားစု သွေးလှူဒါန်း၊ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဘုရင့်နောင်ဈေးကြီးမိသားစု၏ စတုတ္ထအကြိမ်မြောက် သွေးလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက်၉နာရီက မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးရုံး၌ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန ကထိက၊ ရောဂါဗေဒဆရာဝန်ကြီး ဒေါ်သီတာအောင်နှင့် ဆရာ၊ ဆရာမများ၊ ဘုရင့်

နောင်ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ သွေးလှူဒါန်းပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှအေးတို့တက်ရောက်အမှာစကားပြောကြားကြသည်။

ထို့နောက် ဈေးသာယာရေးအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနအတွက် လှူဒါန်းငွေကျပ်ကိုးသိန်းကျော် **(အပေါ်ပုံ)** ကို ဈေးသူ၊ ဈေးသားများက အမျိုးသားသွေးဌာန ကထိက၊ ရောဂါဗေဒဆရာဝန်ကြီး ဒေါ်သီတာအောင်ထံ ပေးအပ်လှူဒါန်းကြပြီး ဈေးသူ၊ ဈေးသား၃၂၀က သွေးလှူဒါန်းကြသည်။ဘုရင့်နောင်ဈေးကြီးမိသားစုများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ စတုတ္ထအကြိမ်အထိ သွေးပုလင်း၈၂၅ ပုလင်းနှင့် အလှူငွေ ကျပ်၂၆သိန်းကျော် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှော်ကားဥယျာဉ်အတွင်းရှိ ကန်သာယာ ရေလယ်ကျွန်းအလှကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၂–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	နှစ်လုံးသွေးကြောကျဉ်း ရောဂါ ဟောပြောချက် (အပိုင်း–၂)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	Celebrity Profile (တက္ကသိုလ်လဲ့လဲ့၊ ဒေါက်တာဇော်သန်း)
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	အားလုံးကိုသိစေချင်တယ် (ဦးကျော်ရှိန်၊ ဒေါ်တင်တင်အိ၊ နန်းဆုရတီစိုး)
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅	ကမ္ဘာ့အကြီးဆုံးမြန်မာ့ကျွန်းပင်
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	လွယ်လူသက်သာ မြန်မာ့ဟင်းလျာ (ခရမ်းသီးနှပ်)
၁၀း၃၀	မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (ပျားလိမ္မော်စိုက်ခင်း)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	ကာယဗလလေ့ကျင့် နည်းစနစ် (အပိုင်း–၁)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	အသိဉာဏ်ပစ္စည်းမှုပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့် အနုပညာဆိုင်ရာ မှုပိုင်ခွင့်)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ဆန်းသစ်လာသော မြန်မာ့ချည်ထည်ဒီဇိုင်းများ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈း၀၀	ပရီမီယာပွဲကြိုသုံးသပ်ချက် (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၉း၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၉း၂၅	Chelsea - Portsmouth	5-Sports(Live)
	Blackburn - Arsenal	5-Movies(Live)
	Birmingham - Sunderland	5-Cartoons(Live)
၁၁း၄၀	Newcastle - Everton	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၀၀	Parma - Fiorentina	5-Sports(Live)

မီးသုံးစွဲလျှင် အသိဥာဏ် အစဉ်သတိ အမြဲရှိ

ပြည်သူကိုကူညီသည့်ရဲ၊ ရဲကိုကူညီသည့်ပြည်သူ

ထက်ခေါင်

"ဗျို့ဆရာကြီး မင်္ဂလာပါဗျာ၊ ဒီအတောအတွင်း ရဲတွေ အတော် ခြေသွက်လက်သွက် နေကြပါလား"

ပြည်သူ့ဝန်ထမ်းဖြစ်သည့် ကိုဗေဒါတစ်ယောက် ရုံးအားရက် နံနက်ခင်း အိမ်တွင်စာဖတ်နေခိုက် ကျွန်တော်၏မိတ်ဆွေ ကိုစပ်စု အိမ်သို့ဝင်လာရင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

"ခင်ဗျားကလဲ အရင်းမရှိ အဖျားမရှိ၊ ဘယ်ကရဲတွေက ခြေသွက် လက်သွက်နေကြတာတုံး"

"ကိုယ့်လူက သတင်းတွေ မဖတ်ဘူးလား၊ မှုခင်းသတင်းတွေ မလေ့လာဘူးလား၊ ပတ်ဝန်းကျင်မှာ လူတွေသူတွေ ပြောနေတာတွေ နားမျက်စိဖွင့်မထားဘူးလား။ မြန်မာနိုင်ငံအနှံ့အပြားမှာ ဖြစ်ပွားခဲ့တဲ့ မှုခင်းတွေနဲ့ပတ်သက်လို့ အမှုဖြစ်တာနဲ့ ကာလတိုအတွင်း ချက်ချင်း လိုလို ဖော်ထုတ်မိတဲ့အပြင် အချိုကြီးနဲ့ တသီကြီးမိတဲ့အမှုတွေ ပိုများ လာသလားလို့ပါ။ အဲဒီအမှုတွေနဲ့ပတ်သက်ပြီး ခင်ဗျားရဲ့အမြင်ကို သိချင် ကြားချင်လို့မေးတာ"

"ဩော်-ဒီကိစ္စလား၊ အမှုတွေကတော့ နှစ်စဉ်ဖြစ်ပွားနေတဲ့ မှုခင်း ဇယားတွေကို နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီဘက်နှစ်တွေမှာ ဖြစ်ပွားနှုန်းတွေ အတော်ကျလာတာကို တွေ့ရတယ်။ဒါပေမယ့် အရင်တုန်းကတော့ ပြည်သူ လူထုက ကိုယ့်ဝန်းကျင်က မှုခင်းဖြစ်ပွားသလောက်ကိုသာ တစ်ဆင့် စကားနဲ့ သိနေကြရတာ။ ဒီတော့ အမှုဖြစ်လိုက်တာသာ သိလိုက်တယ်၊ အမှုကို ဘယ်လိုစုံစမ်းဖော်ထုတ်တယ်၊ ဘယ်လိုဖမ်းဆီးရမိပြီး ဘယ်လို ပြစ်ဒဏ်ချလိုက်တယ်ဆိုတာတွေကို လူမသိသူမသိ ဖြစ်ခဲ့ကြရတယ်။ ပြီးတော့ တစ်ပြည်လုံးမှာဖြစ်နေတဲ့ မှုခင်းတွေအကြောင်းကို မသိကြသလို မှုခင်းဗဟုသုတကလည်းနည်းကြတယ်။ အခုတော့ ပြစ်မှုဖြစ်ပွားပြီဆိုတာ ကနေ တရားခံတွေကိုဖမ်းဆီးပြီး အပြစ်ဒဏ်ချလိုက်တဲ့အထိ သတင်းစာ၊ ဂျာနယ်၊ မှုခင်းမဂ္ဂဇင်းတွေမှာ အကျယ်တဝင့်ဖော်ပြတဲ့အပြင် ရဲကလည်း မီဒီယာအသုံးပြုပြီး လူထုတစ်ရပ်လုံး မှုခင်းအသိပညာ တိုးပွားအောင် နည်းလမ်းစုံအသုံးပြုဆောင်ရွက်လာတယ်၊ တစ်နည်းအားဖြင့် မှုခင်းရယ်၊ ရဲရယ်၊ ပြည်သူရယ်ဟာ ဟိုအရင်တုန်းကလို တသီးတခြားစီဖြစ်နေတဲ့ အရာတွေ မဟုတ်တော့ဘူး၊ တစ်လုံးတစ်စည်းတည်းပတ်သက်နေတဲ့အရာ များ ဖြစ်တယ်လို့ မှုခင်းဗေဒအယူအဆက ပြောင်းလဲသွားပြီလေ။ အဲဒီ သော့ချက်ကို ရဲကအသုံးချတော့ ခင်ဗျားပြောတဲ့မှုခင်းဖော်ထုတ်မှုတွေ ပြန်လည် သွက်လက်လာတာပေါ့"

"အဲ စိတ်ဝင်စားစရာပဲဗျို့၊ ဆက်ရှင်းစမ်းပါဦး"

"ဖြစ်ပွားပြီးခဲ့တဲ့အမှုတွေမှာ မပေါ်ပေါက်တာတွေလည်းရှိတာပေါ့။ ဒါကတော့ ဘယ်နိုင်ငံမှာမဆို ရဲလုပ်ငန်းသဘောအရ ဖြစ်တတ်ရှိတတ်တဲ့ သဘောပါပဲ။ အဲ-ဒါပေမယ့် အမှုတစ်ခုဟာ ဖြစ်ပြီဆိုတာနဲ့ သူ့ချည်း သက်သက် အကြောင်းမဲ့ဖြစ်တယ်ရယ်လို့ ဘယ်သောအခါမှာမှမရှိဘူး၊ အကြောင်းအကျိုးဆက်နွယ်ပြီးမှ ဖြစ်ပေါ်လာကြတာချည်းပဲ။ ဒါကြောင့် ပင်မအကြောင်းရင်းခံကို အမြစ်တူးပြီး ဖြိုလှဲလိုက်ရင် အကျိုးဆက်ဖြစ်တဲ့ အမှုဆိုတာ ဖြစ်ပေါ်လာစရာမရှိတော့ဘူး။ ဒီသဘောအရ ရဲတပ်ဖွဲ့က ဖြစ်ပွားခဲ့သမျှ၊ ဖြစ်ပွားနေသမျှ အမှုတွေအားလုံးကို အုပ်စုခွဲပြီးလေ့လာ သုတေသနပြုတယ်ကွ။ အမှုတွေဟာ လောဘကြောင့်လား၊ ဒေါသကြောင့် ဖြစ်တာလား၊ ကြိုတင်စီစဉ်တာလား၊ ရုတ်ခြည်းဖြစ်တာလား၊ နေ့ဖြစ် သလား၊ ညဖြစ်သလား၊ သောက်စားမူးယစ်ပြီး ဖြစ်တာလား၊ အကျင့်ဗီဇ ကြောင့်လား စသည်ဖြင့်ပေါ့ကွာ၊ အဲဒီလိုဖြစ်တတ်တဲ့ အကြောင်းတွေပေါ် အခြေခံပြီး ဒါတွေလျော့နည်းအောင် အသိပညာပေးမှုတွေ လုပ်ရတာပေါ့။ နောက်ပြီးတော့ကွာ အမှုဆိုတာဟာ ဘယ်လူမှုအဖွဲ့အစည်းအတွင်းမှာ မဆိုရှိတယ်။ တနည်းအားဖြင့် လူရှိရင် အမှုရှိတယ်ဆိုတာကို ဒို့လက်ခံ ရမယ်။ ယေဘုယျသဘောအရ အမှုအခင်းများဟာ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဂုဏ်ရှိခြင်း၊ မရှိခြင်းနဲ့မဆိုင်ဘူး၊ သာဓကအားဖြင့် ချမ်းသာ တယ်၊ တိုးတက်တယ်ဆိုတဲ့ အနောက်နိုင်ငံတွေမှာ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုတွေဟာ ဒို့အရှေ့တိုင်းနိုင်ငံတွေထက် အဆမတန်ပိုများတာကို တွေ့နိုင်တယ်။ ဒါသူတို့ဆီက ထုတ်ပြန်ထားတဲ့ တရားဝင် ကိန်းဂဏန်း တွေအရကို မငြင်းသာအောင် ပေါ်လွင်နေတဲ့အချက်ဖြစ်တယ်။ အဲဒီလို ဖြစ်ပွားလာတဲ့အမှုကို ဘယ်လိုဖော်ထုတ်ကြမလဲဆိုတာက ရဲလုပ်ငန်းမှာ အတော့်ကို အခရာကျတဲ့ အလုပ်တစ်ခုဖြစ်တယ်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ အဓိကထားလုပ်ရတဲ့ လုပ်ငန်းတာဝန်(၄)ရပ်ရှိတယ်။ အဲဒါတွေကတော့ မှုခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားပြီးသော မှုခင်းများကို ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ပြီးတဲ့မှုခင်းတွေကို တရားစွဲတင်ခြင်းနဲ့ ထိရောက် သော ပြစ်မှု၊ ပြစ်ဒဏ်ရရှိအောင် ဆောင်ရွက်ခြင်းတို့ပဲဖြစ်တယ်။ ဒါကို ဥပဒေအရလုပ်ရမယ့် လုပ်ငန်းအဆင့်ဆင့်လို့ ပြောမယ်ဆိုလည်း ပြောနိုင် တယ်။ ပြစ်မှုမဖြစ်ပွားရေးအတွက် ရေပက်မဝင် လုံခြုံအောင် ကာကွယ် နိုင်ခဲ့ရင် ပြစ်မှုဖြစ်ပွားမှုဆိုတာ မရှိနိုင်တော့ဘူး၊ ပြစ်မှုမရှိရင် ပြစ်မှုဖော်ထုတ် စရာအလုပ်လည်း မရှိတော့ဘူး။ ဒါဆိုရင် တရားစွဲတင်ဖို့ မလိုတော့ဘူး။ ထိရောက်သော ပြစ်ဒဏ်ရရှိရေးဆိုတာလည်း ကိစ္စပြတ်ပြီပေါ့။ ဒီတော့ အဆင့်တိုင်းကို စနစ်တကျသုံးသပ်ပြီး ရှေ့အဆင့်ဆင့်တွေမှာတင် ကိစ္စပြတ်အောင် ဖြတ်နိုင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ဖို့ဟာ သိပ်အရေးကြီးတယ်။ ဒီတော့ လူရှိရင် အမှုရှိတယ်ဆိုတာကို တခြား ရှုထောင့်ကနေ ဒါကြောင့် ပြစ်မှုကျူးလွန်သူတွေဟာ တခြားကမ္ဘာက မဟုတ်ဘူး၊ သာမန် အပြစ်မဲ့ ပြည်သူတွေကြားထဲမှာပဲ ပုန်းလျှိုးကွယ် ပျောက်နေကြတာသာ ဖြစ်တယ်။ အဲဒါကို ပြည်သူတစ်ရပ်လုံးက သတိထားပြီး အသိနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး ကူညီဖော်ထုတ်မယ်ဆိုရင် ဒုစရိုက်သမားတွေအတွက် နေရာမရှိတော့ဘူးဆိုတဲ့ အဖြေထွက်တယ်"

"ကောင်းလိုက်တဲ့ အယူအဆဗျာ၊ ဒီတော့ ရဲလုပ်ငန်းမှာ ပြည်သူ တွေပါ ပါဝင်လာရမယ်ဆိုတဲ့ သဘောပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဒါကြောင့် ဒီကနေ့ ပြစ်မှုတားဆီးနှိမ်နင်းရေး လုပ်ငန်းမှာ **"ပြည်သူပါမှအောင်ပွဲရ"**ဆိုတဲ့ ဆောင်ပုဒ်နဲ့ ရဲလုပ်ငန်းမှာ ပြည်သူတွေ ပါဝင်လာဖို့အတွက် ဘက်စုံကနေ လှုံ့ဆော်ပညာပေးမှုတွေ လုပ်လာကြတာပေါ့။ ဒီအနှစ်သာရကိုပဲ နိုင်ငံတကာမှာရှိတဲ့ ရဲအဖွဲ့တွေက စကားလုံးအမျိုးမျိုးနဲ့ လက်တွေ့ ကျင့်သုံးနေကြတယ်။ ဥပမာ- စင်ကာပူနိုင်ငံမှာ **အိမ်နီးနားချင်းစောင့်ကြည့်တဲ့ ရဲလုပ်ငန်းစနစ်** ဆိုပြီးလုပ်တယ်။ ဂျပန်နိုင်ငံမှာတော့ **ကိုဘန်းနဲ့ ချူဇိုင်းရှိုး ရဲလုပ်ငန်းစနစ်** ဆိုပြီး ကျင့်သုံးတယ်။ မြန်မာနိုင်ငံမှာတော့ **ပြည်သူလူထု ပူးပေါင်း ပါဝင်တဲ့ ရဲလုပ်ငန်းစနစ်**ဆိုပြီး အကောင်အထည်ဖော်တယ်။ အရင်း စစ်လိုက်ရင်တော့ ပြည်သူတစ်ရပ်လုံး ရဲလုပ်ငန်းမှာ ပူးပေါင်းပါဝင်လှုပ်ရှား ဖို့ပါပဲ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဆောင်ပုဒ်ကို အသေအချာစဉ်းစား ကြည့်လေဗျာ၊ **"ကူညီပါရစေ"**တဲ့။ ဘယ်သူ့ကို ကူညီမှာလဲဆိုတော့ ပြည်သူလူထုကို ကူညီမှာပေါ့။ လွယ်လွယ် ပြောရရင်တော့ ရဲကပြည်သူကို ကူညီမယ်ပေါ့ဗျာ။ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ်မှာ ကတော့ ရဲက လူထုအကူအညီကို အများကြီးလိုအပ်နေတယ်။ ဆိုရင် ပြည်သူကလည်း ရဲကို ကူညီရမယ်ပေါ့ဗျာ။ ရဲက ပြည်သူကို ကူညီမယ်၊ ပြည်သူက ရဲကို ကူညီမယ်၊ ဒီတော့ သချာနည်းကျကျ စဉ်းစားအဖြေ ထုတ်လိုက်ရင် အဲဒါဟာ ပြည်သူက ပြည်သူကို ကူညီတာဖြစ်တယ်ဗျ"

"ဟုတ်ပြီဗျို့ ဟုတ်ပြီ၊ ခင်ဗျားပြောမှ ဘွားခနဲပေါ်လာတာကလား။ ကျွန်တော်ဖြင့် အဲဒီလိုတစ်ခါမှ မစဉ်းစားမိခဲ့ဘူး။ ဒီလိုဆိုတော့လည်း ရဲဆိုတာ အပေါ်ယံအားဖြင့် အမည်ခံအဖွဲ့အစည်းတစ်ခုသာဖြစ်ပြီး အတွင်းသရုပ်ကတော့ ရဲသည် ပြည်သူ၊ ပြည်သူသည် ရဲဆိုတဲ့ အနှစ် သဘော ဖြစ်နေတော့တာပေါ့ဗျာ...နော"

"ဒါပဲပေါ့ဗျ၊ ရဲဆိုတာကလည်း ဒီနိုင်ငံ၊ ဒီလူမျိုး၊ ဒီလူမှုအဖွဲ့အစည်း အတွင်းက ပြည်သူ့သားသမီးတွေပဲမဟုတ်လား၊ တာဝန်ထမ်းဆောင်မှုအရ ကန့်သတ်ထားလို့သာ ရဲဆိုတဲ့အဖွဲ့အစည်းဖြစ်နေတာလေ။ ဒါကြောင့် လည်း ကမ္ဘာအရပ်ရပ်က ရဲတွေအားလုံးဟာ ဘယ်လိုပဲ လူမျိုးနိုင်ငံ ကွဲပြားပါစေ၊ ခေတ်စနစ်တွေ၊ မူဝါဒတွေခြားနားပါစေ လုပ်နေရတဲ့ ရဲလုပ်ငန်းရဲ့ အနှစ်သာရအစစ်ကတော့ **တရားဥပဒေနဲ့အညီ ပြည်သူ လူထုကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ အလုပ်အကျွေးပြုဖို့**ဆိုတဲ့ အချက် နှစ်ခုကို အကောင်အထည်ဖော်ဖို့သာ ဖြစ်သတဲ့ဗျ။ ရဲတွေရဲ့ ဆိုရိုးရှိတယ် ဆိုပဲ"

"အင်း- ဒါကြောင့်လဲ နိုင်ငံတော်အကြီးအကဲက ပြည်သူတွေ တံခါးဖွင့် အိပ်နိုင်သည်အထိ ရပ်ရွာအေးချမ်းသာယာအောင် ရဲတပ်ဖွဲ့က လုံခြုံမှု အကာအကွယ်တွေ လုပ်ပေးရမယ်လို့ ပြောခဲ့တာကိုး။ ဒီအတိုင်းသာ အတိအကျ အကောင်အထည်ဖော်နိုင်လို့ကတော့ နတ်လူသာခုခေါ်တဲ့ အလုပ်ပါပဲဗျာ"

"အခုလည်း ရဲတွေကို ဒီလမ်းကြောင်းအတိုင်း လျှောက်လှမ်းဖို့ ပဲ့ကိုင်ပြီး တွန်းတင်နေတဲ့ ကာလဖြစ်တယ်။ ငါးခုံးမတွေလည်း ရှိတာ ပေါ့လေ"

"ဒါနဲ့ အခုတလော ကြားကြားနေရတဲ့ Crime Free Week ဆိုတာ ဘာလဲဗျ၊ ဒီစကားလုံးက ခင်ဗျားရှေ့ကပြောတာနဲ့ အံဝင်ခွင်ကျ သိပ်မဖြစ်လှဘူးထင်ပါ့"

"ဒါက ၂၀၀၅ခုနှစ် ဒီဇင်ဘာလမှာ စတင်အကောင်အထည်ဖော် ခဲ့တာ ဖြစ်တယ်။ လတစ်လတိုင်းမှာ သုံးရက်၊ ငါးရက်၊ တစ်ပတ် စသည်ဖြင့် မှုခင်းကင်းမဲ့ ရက်သတ္တပတ်ဖြစ်အောင် လှုပ်ရှားဆောင်ရွက် စေတာပါပဲ။ ပြီးတော့ အဲဒီမှုခင်းကင်းတဲ့ ရက်သတ္တပတ်ကိုလည်း လူနေသိပ်သည်းမှုများတဲ့ နေရာ၊ မှုခင်းဖြစ်ပွားမှုများတဲ့ နေရာတွေကို ရွေးချယ်သတ်မှတ် ဆောင်ရွက်စေတယ်။ ဒါကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်က တိုက်ရိုက်ကွပ်ကဲ ဆောင်ရွက်တယ်။ လူရှိရင် အမှုရှိတယ် ဆိုပေမယ့် ရဲရဲ့လုပ်ငန်းစွမ်းဆောင်ရည်ကို မှတ်ကျောက်တင်ပြသရာ လည်း ရောက်အောင် တစ်လမှာ သုံးလေးရက်လောက်တော့ မှုခင်း မဖြစ်အောင် ဒို့အစွမ်းကုန်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ရေး သွတ်သွင်းချက်နဲ့ မိမိအပိုင်နယ်မြေအတွင်း မှုခင်းမဖြစ်ပွားရေးအတွက် ကိုယ်ရောစိတ်ပါ ကြိုးစားအကာအကွယ်ပေး ဆောင်ရွက်စေတာဖြစ်တယ်။ ဒီလိုလုပ်နေတဲ့ ကြားထဲက အမှုဖြစ်တာလည်းရှိချင် ရှိမှာပေါ့။ ဒါပေမယ့် စိတ်ပျက်စရာ မလိုဘူး၊ အမှုတက်မှာစိုးလို့ အမှုဖွင့်မပေးတာတို့၊ အမှုကို ထိမ်ချန် ထားတာတို့ လုပ်ဖို့မလိုဘူး၊ လိမ်ညာနေဖို့လည်း မလိုဘူး။ တကယ့် ရည်ရွယ်ချက်က ဒီလုပ်ငန်းကို ရေရှည်လုပ်ပြီး အသားကျလာပြီဆိုရင် တစ်ချိန်ချိန်မှာ မှုခင်းတွေမုချလျော့နည်းကျဆင်းလာရမယ်လို့ ယုံကြည် ချက်နဲ့ လုပ်တာဖြစ်တယ်"

"ကောင်းပါ့ဗျာ၊ လှုပ်ရှားပုံလေးပြောပြပါဦး"

"အဲဒီလို သတ်မှတ်ရက်သတ္တပတ်မတိုင်မီ ကတည်းကိုက မိမိတို့ နယ်မြေအတွင်းမှာ လှည့်ကင်းပတ်ကင်း စိုးမိုးမှုတွေပိုမိုပြီးတော့ လှုပ်ရှား ဆောင်ရွက်တယ်။ ထိရောက်တဲ့ ဧည့်စာရင်းစစ်ဆေးခြင်းတွေ လုပ်တယ်။ လူထုကြားထဲ ထိုးဖောက်ပြီး မှုခင်းအသိပညာပေး ဟောပြောမှုတွေ၊ မှုခင်းသတင်းလွှာ ဖြန့်ဝေမှုတွေ လုပ်တယ်။ မှုခင်းဖြစ်တတ်တဲ့ သဘာဝနဲ့ အချိန်ကာလ နေရာဒေသတွေအကြောင်း ရှင်းလင်းပြောပြပြီး သတိရှိကြဖို့ နှိုးဆော်တယ်။ မိမိတို့ မြင်သမျှ၊ သိသမျှ၊ ကြားသမျှ ထူးခြားမှုရှိရင် ရဲကိုသတင်းပေးဖို့ လှုံ့ဆော်ပြီး ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ၊ လူပုဂ္ဂိုလ်တွေ၊ နေရာဌာနတွေ၊ လိပ်စာတွေပေးတယ်။ လူထုသွားလာ လှုပ်ရှားမှုများတဲ့ ဈေး၊ ကျောင်း၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာ၊ ဆေးရုံ အစရှိတဲ့နေရာဝန်းကျင်တွေမှာ ရပ်ကင်း ဝပ်ကင်းတွေကို အင်အား ဖြည့်ပြီး နေ့ရောညပါ ချထားပေးတယ်။ အဲဒီအတွက် ရဲအင်အားနဲ့ချည်းပဲ မတတ်နိုင်တာကြောင့် ရဲတပ်ဖွဲ့ရဲ့ လှုပ်ရှားမှုတွေမှာ ကြက်ခြေနီ၊ မီးသတ်နဲ့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့တွေက ဝိုင်းဝန်းကူညီကြတယ်။ အဲဒီလိုလုပ်လိုက်တော့ ရလဒ်က ရဲနဲ့အတူ ပြည်သူလူထုတစ်ရပ်လုံး တကယ်ကို ပူးပေါင်းလာကြပြီဆိုတာလဲသိရော အခြေအနေမဲ့တွေ၊ ဒုစရိုက်ကျူးလွန်ဖို့အတွက် ချောင်းနေသူတွေ၊ တရားခံ ပြေးတွေ၊ ပြစ်မှုကျူးလွန်ဖို့ အလားအလာရှိသူတွေအားလုံးဟာ လှုပ်ရှား နေတဲ့ ခွင်အတွင်းကနေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားတော့ တာပဲ။ ဒီတော့ မှုခင်းဖြစ်ပွားမှုတွေဟာ သိသိသာသာလျော့နည်း ကျဆင်း သွားတယ်။ ဖြစ်ပွားသမျှမှုခင်းတွေကိုလည်း ပြည်သူတွေသိအောင် ချက်ချင်းထုတ်ပြန် အသိပေးပြီး တရားခံဖမ်းဆီးရမိရေးကို စူးစိုက် လုပ်ဆောင်လာပြန်တော့ ဒီပြစ်မှုကျူးလွန်တဲ့သူတွေ ဘယ်ခံနိုင်ပါ့မလဲဗျာ၊ မိတာပေါ့။ ဒီလိုနဲ့ ရဲလုပ်ငန်းမှာ လူထုတစ်ရပ်လုံး နိုးကြားစွာ ပါဝင် လာမှုဟာ အရှိန်ရလာတယ်လို့ ဆိုရပေလိမ့်မယ်။ သာဓကအနေနဲ့ ပြောရရင် ဒီမှုခင်းကင်းမဲ့ ရက်သတ္တပတ်အတွင်းမှာ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကူညီခဲ့မှုကြောင့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းက လူသတ်ပစ္စည်းလုယူသွားတဲ့အမှု၊ ၈၂လမ်း လူသတ်မှု၊ ၂၅လမ်းက သုံးလောင်းပြိုင် လူသတ်မှု၊ မရမ်းကုန်းမြို့နယ်က အငြိမ်းစား ကျောင်းဆရာမတစ်ဦး အသတ်ခံရမှု၊ အမျိုးသမီးတစ်ဦးကိုသတ်ပြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာ လာရောက်စွန့်ပစ်ထားတဲ့အမှုစတဲ့ အမှုများက ပြစ်မှုတရားခံတွေကို သက်သေခံပစ္စည်းများနဲ့တကွ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်။

ဒီလိုပဲ လှိုင်သာယာမြို့နယ်အတွင်း အမေရိကန်ဒေါ်လာ နှစ်သောင်း ငါးထောင် ခိုးခြောက်ယူဆောင်သွားတဲ့အမှု၊ ကျောက်တံတားမြို့နယ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ဆောင်ပုဒ်ကို အသေအချာ စဉ်းစားကြည့်လေဗျာ၊ "ကူညီပါရစေ"တဲ့။ ဘယ်သူ့ကို ကူညီမှာလဲဆိုတော့ ပြည်သူလူထုကို ကူညီမှာပေါ့။ လွယ်လွယ်ပြောရရင်တော့ ရဲကပြည်သူကို ကူညီမယ်ပေါ့ဗျာ။ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ်မှာကတော့ ရဲက လူထုအကူအညီကို အများကြီး လိုအပ်နေတယ်။ ဆိုရင် ပြည်သူကလည်း ရဲကို ကူညီရမယ်ပေါ့ဗျာ။ ရဲက ပြည်သူကို ကူညီမယ်၊ ပြည်သူက ရဲကိုကူညီမယ်၊ ဒီတော့ သချာနည်းကျကျ စဉ်းစားအဖြေထုတ်လိုက်ရင် အဲဒါဟာ ပြည်သူက ပြည်သူကို ကူညီတာ ဖြစ်တယ်ဗျ။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ရေဖြူမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ထားဝယ်ခရိုင် ရေဖြူမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်ကို ဖေဖော်ဝါရီ ၁၈ရက် နံနက်က ရေဖြူမြို့ (က)ရပ်ကွက်တွင် ကျင်းပရာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံထွန်းတို့က ဦးဆောင်၍ မျိုးစေ့၃၀၀၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ပုဂေါ်ဇွန်းကျေးရွာ ပျိုးဥယျာဉ်တွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံထွန်းတို့ ဦးဆောင်၍ မျိုးစေ့ ၁၆၀၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာဦးကျော်ဇေယျတို့က ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်နှင့် အကျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းပြောကြားသည်။

ရေဖြူမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၃၀၀ကျော် စိုက်ပျိုးမည်ဖြစ်ပြီး ယခုအခါ ဧက၁၁၀ကျော် ပျိုးထောင်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ဖွင့်လှစ်သော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီက အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဦးသိန်းနိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရှစ်မြို့နယ်တို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာများနှင့် သင်တန်းသား ၁၅၀ တက်ရောက်ကြသည်။

မှာကြား

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ သွားရောက် လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

(၁၈၀)

ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉ နာရီက အဆိုပါကျောင်း စာသင်ဆောင်(၆)ရှေ့၌ ကျင်းပသည်။ (အပေါ်ပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်ခင်ခင်သော်နှင့် ဒေါ်ငြိမ်းငြိမ်းဆင့်တို့က ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်ကျင်းပရခြင်းနှင့်ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထည့်သွင်းစိုက်ပျိုး

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများက ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် ကျောင်းကောင်စီ အသင်း ငါးသင်းဖြစ်သည့် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလအသင်းတို့မှ ကျောင်းသား ကျောင်းသူများက ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်း စိုက်ပျိုးကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆုများချီးမြှင့်

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသာဒင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များ အများဆုံး လှူဒါန်းကြသည့်ကျောင်းသား၊ကျောင်းသူများ၊ တန်းခွဲအလိုက် အတန်းပိုင်ဆရာမများနှင့် အတန်းအလိုက် အတန်းမှူးဆရာမများအား ဆုများ အသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကျောင်းဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ 'ဇာတိမာန်' သီချင်းကို သီဆိုဂုဏ်ပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

အခမ်းအနားအပြီးတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူပင်နှင့် စပ်လျဉ်း၍ ပြသထားသော နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပျိုးအိတ်များအတွင်းထည့်သွင်း

အဆိုပါ လေ့ကျင့်ရေး အလယ်တန်းကျောင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်တွင် မျိုးစေ့ပေါင်း ၂၁၀၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးကြသည်။

(မြန်မာ့အလင်း)

အဘိဓမ္မာ(သင်္ဂြိုဟ်)သင်တန်း ကုသိုလ်ဖြစ်ပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာဓမ္မာရုံကြီးတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ အဘိဓမ္မာ(သင်္ဂြိုဟ်) သင်တန်း ဋီကာကျော်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းတို့ကို မတ် ၁ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁နာရီမှစ၍ စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ကုသိုလ်ဖြစ်ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

(၁၁၅)

ဖေဖော်ဝါရီ ၂၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့) ရပ်ကွက် ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းအတွက် ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းပါဝင်၍ ခြံစည်းရိုးကြက်ဆူပင် ပျိုးအိတ်များ စုပေါင်းဆောင်ရွက်ကြစဉ်။

(၂၅၉)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အတွင်း ငွေကျပ်သိန်းသုံးရာ့ငါးဆယ်ကျော် ဖောက်ထွင်းခံရမှုနဲ့ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအတွင်း စက်ဘီးလှည့်ခိုးနေတဲ့ ဂိုဏ်းကတရားခံများကို ခိုးရာပါစက်ဘီး ၄၇စီးနဲ့အတူ တသီကြီး ဖော်ထုတ်နိုင်ခဲ့တယ်။ နယ်မြို့တွေမှာလည်း အလားတူ အောင်မြင်မှုတွေရှိတယ်။ မကွေးတိုင်းအတွင်းမှာ ဘုရားခိုးဂိုဏ်းကို အံ့လိုက်ကျင်းလိုက် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သလို မန္တလေးတိုင်းမှာလည်း မိတ္ထီလာဈေးအတွင်း ရွှေဆိုင်ကရွှေထည်တန်ဖိုးကျပ် ၇၅ သိန်းကျော် ပျောက်ဆုံးမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်က ရွှေ၊ ငွေ ကျပ်၃၂၅သိန်းကျော် ဖောက်ထွင်းခံရမှု၊ မဟာဇေယျာဘုံရပ်ကွက်က ရွှေ၊ ငွေကျပ်၅၆၂သိန်းကျော် အဖောက်ခံရမှု၊ ချမ်းမြသာစည်မြို့နယ်အတွင်း ရွှေဆွဲကြိုး ခြောက်ကျပ်သား အလုခံရမှုစတာတွေက တရားခံများကိုလည်း သက်သေခံပစ္စည်းများနဲ့တကွ လက်ပူးလက်ကြပ် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်။ ဒါတင်ကရိုးလားမောင်ရာ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဖုန်းကြိုးတွေအခိုးခံရမှု၊ အောင်မြေသာစံမြို့နယ်အတွင်း အမေရိကန်နိုင်ငံသားနှစ်ဦးကို ကျောက်မျက်လိမ်လည်ရောင်းသွားမှု၊ ဘဏ်ကငွေထုတ်လာသူတွေကို ဆိုင်ကယ်များအသုံးပြုလုယက်မှု အားလုံးကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့တယ်။ မန္တလေးမြို့မှာ အစဉ်အဆက် သောင်းကျန်းနေခဲ့တဲ့ ဆိုင်ကယ်ခိုးဂိုဏ်းကို ဆိုင်ကယ် ၂၇စီးနဲ့အတူ ဖမ်းဆီးရမိခဲ့တဲ့အပြင် စက်ဘီးခိုးဂိုဏ်းကိုလည်း ခိုးရာပါစက်ဘီး ၁၇စီးနဲ့အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်။ အခြားအခြားသော အောင်မြင်မှုတွေကို ပြောပြနေရရင် တစ်ထောင့်တစ်ညပုံပြင် ဖြစ်နေလိမ့်မယ်။ ဆုံးမှာမဟုတ်တော့ဘူး။ အဲ-ထူးခြားမှုကတော့ မှုခင်းနှိမ်နင်းရေးလုပ်ငန်းမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ အံ့မခန်းတိုးတက်လာတာပဲ ဖြစ်တယ်။ တစ်နေ့ကများ လသာမြို့နယ် ရွှေဆိုင်တစ်ခုကနေ ရွှေဆွဲကြိုးလုပြေးတာကို အော်ဟစ်ပြီး ဝိုင်းဖမ်းလိုက်တာ ၁၀ မိနစ်တောင် မကြာပါဘူးဗျာ တရားခံကို သက်သေခံပစ္စည်းနဲ့အတူ ချက်ချင်းကွင်းခနဲမိတာပဲ။ ပြန်သုံးသပ်လိုက်ရင် ပြည်သူတွေကမှုခင်းအသိတွေ၊ သတိတွေလည်းရှိမယ်၊ မိမိပတ်ဝန်းကျင်ကို နား၊ မျက်စိဖွင့်ကြည့်နေပြီး ရဲတပ်ဖွဲ့ကြီးနဲ့အတူ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြမယ်ဆိုရင် ဒုစရိုက်သမားတွေအတွက် နေရာပျောက်ပြီ ဆိုတာကတော့ သေချာတယ်။

"အင်း ခင်ဗျားပြောသလို ပြည်သူပါမှ အောင်ပွဲရ ဆိုတာကတော့ အတိအကျ အသေအချာပေါ့ဗျာ။ ရဲကပြည်သူကိုကူ၊ ပြည်သူက ရဲကိုကူ ဆိုတာကို အနှစ်ချုပ်လိုက်ရင် ပြည်သူ့လုံခြုံရေးကို ပြည်သူက ဝိုင်းဝန်းတာဝန်ယူကြတာပါပဲ။ အဲဒီလိုလူမှုအဖွဲ့အစည်းကို ထူထောင်ကြရာမှာ ပူးပေါင်းပါဝင်ကြဖို့ ပြည်သူတစ်ရပ်လုံးကို နှိုးဆော်တိုက်တွန်းရမှာပေါ့ဗျာ"

"နေဦး၊ တစ်ခုကျန်သေးတယ်ဗျ။ အခုဆိုရင် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက် အလုပ်အကျွေးပြုဖို့ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အထက်အကြီးအကဲတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုနဲ့ ခွင့်ပြုချက်များအရ သက်သေခံပစ္စည်းတွေကို ဓာတ်ပုံရိုက်မှတ်တမ်းတင်၊ တရားသူကြီးရဲ့ ကြိုတင်စိစစ်ခွင့်ပြုချက်ရယူပြီး ပိုင်ရှင်တွေဆီ ချက်ချင်းပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို တာဝန်ရှိသူတွေ ရှေ့မှောက်မှာ စနစ်တကျအခမ်းအနားနဲ့ ကျင်းပပြုလုပ်ပေးတာကြောင့် ရဲတပ်ဖွဲ့ကလည်း သက်သေခံပစ္စည်း မပျောက်ပျက်အောင် ထိန်းသိမ်းနေတဲ့တာဝန် လျော့ပါးသွားသလို ပစ္စည်းရှင် တရားလိုဖြစ်တဲ့လူထုကလည်း ဝမ်းသာကြည်နူးမှုဖြစ်ရတာပေါ့။ ဒါဥပဒေနဲ့အညီ စည်းကမ်းဘောင်အတွင်းကနေ အတတ်နိုင်ဆုံး ပြည်သူ့အကျိုး သယ်ပိုးပေးတာပဲလို့ ဆိုရမှာပဲ။ ဒီစနစ်ကို အမြစ်ခိုင်အောင် ဆက်လက်ကျင့်သုံး အကောင်အထည်ဖော်ရင် ရဲလုပ်ငန်းအပေါ် လူထုက ပိုမိုအမြင်ကြည်လာမှာ အမှန်ပဲ"

"အင်း-ဒါလည်း ခင်ဗျားပြောလို့ ကြားရတာအပြင် လက်တွေ့ကျကျ သက်သေခံပစ္စည်း ပြန်လည်ပေးအပ်ပွဲတွေလုပ်နေတာ မြင်ရပါတယ်။ ဒီအတွက် ဝိုင်းဝန်းစီစဉ်ဆောင်ရွက်ပေးကြတဲ့ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ကြရမှာပေါ့။ ဘာပဲဖြစ်ဖြစ်လေ ဒီဖြစ်စဉ် ဒီလုပ်ရပ်တွေက ကုသိုလ်တရားဖြစ်တဲ့ ကောင်းမြတ်သောလုပ်ရပ်တွေမို့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါပေတယ်။ ဒီသတင်းကောင်းတွေကိုလည်း ပြည်သူ့ဆီအရောက် ဖောက်သည်ချပေးလိုက်ပါ့မယ်။ ကဲ-ကဲ၊ နောက်မှ ထပ်တွေ့ကြမယ်။ သွားဦးမယ်ဗျို့"။ ။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဖွဲ့စည်းရန်ရည်ရွယ် လေးပွင့်ဆိုင်လူရွေးပွဲကျင်းပရေး စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ၂၀၀၆ ခုနှစ်အတွင်းကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများတွင် အဆင့်မြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် မြန်မာလူငယ်ဘောလုံးအသင်းတို့ကို ပြန်လည်ရွေးချယ်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏စီစဉ်မှုဖြင့် ၂၀၀၅ခုနှစ် ဇန်နဝါရီ၂၅ရက်မှ ၃၁ရက်အထိ လေးပွင့်ဆိုင်လူရွေးပွဲကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ လေးပွင့်ဆိုင်လူရွေးပွဲတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဟောင်းများ မပါဝင်ဘဲ လူငယ်လူသစ် အများစုကိုသာ ပွဲထုတ်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၁ရက်အထိ ကျင်းပခဲ့သော လေးပွင့်ဆိုင် လူရွေးပွဲတွင် တစ်သင်းလျှင် အားကစားသမား ၂၅ဦးဖြင့် ဖွဲ့စည်းထားသော အသင်းလေးသင်းကို ပတ်လည်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ရာစုစုပေါင်း အားကစားသမား ၁၀၀အား ပွဲထုတ်စမ်းသပ်ခဲ့ခြင်းပင်ဖြစ်သည်။

အဖြူရောင်အသင်း

အဖြူရောင်လက်ရွေးစင် အသင်းကို နည်းပြအဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုးတို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။ အဖြူရောင်လက်ရွေးစင်အသင်းတွင် ပါဝင်ကြသည့် အားကစားသမားများမှာ (ဂိုး) သီဟစည်သူ(စွန်ရဲ)၊ (ဂိုး) အောင်နိုင်စိုး(မြို့တော်စည်ပင်)၊ နေလင်းထိုက် (မြို့တော်စည်ပင်)၊ ဇော်ထက်အောင် (စွမ်းအင်)၊ ထူးကျော် (ဘဏ္ဍာ/အခွန်)၊ မျိုးဇော်ထွန်း(စီးပွား/ကူးသန်း)၊ ကျော်စွာဝင်း (မြို့တော်စည်ပင်)၊ အောင်မျိုးသန့်၊ အောင်ရဲထွဋ်(စီးပွား/ကူးသန်း)၊ ထွန်းမင်းဦး (ကမ္ဘောဇ)၊အောင်မြင့်အေး(မြို့တော်စည်ပင်)၊ စထက်နိုင်ဝင်း (စွန်ရဲ)၊ စိုးမင်းဦး(တံခွန်)၊ မျိုးလှိုင်ဦး(စီးပွား/ကူးသန်း)၊ မိုးဟိန်းကျော်(လယ်ယာ/ဆည်မြောင်း)၊ ဟန်စိုးအောင်(လျှပ်စစ်စွမ်းအား)၊ ဉာဏ်လင်းထွန်း (ရထားပို့ဆောင်ရေး)၊ ကျော်ကျော်လတ်၊ ဇော်မိုးထက်၊ ချမ်းချမ်း (စီးပွား/ကူးသန်း)၊ ညီညီစိုး (သစ်တောရေးရာ)၊ နေဇော်ထက် (တံခွန်)၊ သန်းဇော်ထူး(လယ်ယာ/ဆည်မြောင်း)၊ အောင်ကိုကိုဦး၊ အောင်မျိုးသူ(ပြည်ထဲရေး) တို့ဖြစ်ကြသည်။

အပြာရောင်အသင်း

အပြာရောင် လက်ရွေးစင်အသင်းကို နည်းပြအဖြစ် ဦးအေးမောင်လေး၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ကိုတို့က တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

အပြာရောင် လက်ရွေးစင်အသင်း၌ ပါဝင်ခဲ့ကြသည့် အားကစားသမားများမှာ(ဂိုး)ထွန်းလင်းစိုး(စက်မှု-၁)၊ (ဂိုး) စောရာလမိုးထူး(အား/ကာသိပ္ပံ)၊ မျိုးဇော်(တပ်မတော်-ရေ)၊ အေးမင်းထွန်း (မြို့တော်စည်ပင်)၊ ကျော်ဇေယျာဝင်း (ပို့ဆောင်ရေး)၊ မိုးဝင်း (စီးပွား/ကူးသန်း)၊ အောင်ဇော်မျိုး၊ သန်းဝဏ္ဏအောင်၊ လှအေးထွေး (မြို့တော်စည်ပင်)၊ ထက်အောင် (ပို့ဆောင်ရေး)၊ သူရိန်စိုး (တံခွန်)၊ ကျော်ဌေးဦး၊ ဇော်မင်းလတ်(မြို့တော်စည်ပင်)၊ အေးမင်းဝင်း(ပို့ဆောင်ရေး)၊ နေဝင်းထွတ်၊ အောင်ကျော်မျိုး (စွမ်းအင်)၊ အောင်သူဝင်း (စွန်ရဲ)၊ သန်းထိုက်(စက်မှု-၁)၊ ဇော်မင်းထွန်း (လျှပ်စစ်စွမ်းအား)၊ နိုင်လင်းထွန်း (စွမ်းအင်)၊ ထိန်လင်း (ဘုရင့်နောင်သိပ္ပံ)၊ အောင်မျိုးသူ (ဆက်/စာ/ကြေး)၊ ဖြိုးဝေကို (သတ္တုတွင်း)၊ ဇင်မျိုးအောင်(တံခွန်) တို့ဖြစ်ကြသည်။

အနီရောင်အသင်း

အနီရောင် လက်ရွေးစင်အသင်းကို နည်းပြအဖြစ် ဦးသန်းစိုး၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်ဝင်းထွန်းတို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။

အနီရောင် လက်ရွေးစင်အသင်း၌ ပါဝင်ခဲ့ကြသည့် အားကစားသမားများမှာ (ဂိုး) သန်းဇော်ဝင်း (တံခွန်)၊ (ဂိုး) ညီညီလွင် (ပြည်ထဲရေး)၊ (ဂိုး) ခိုင်စိုးထွန်း (တံခွန်လူငယ်)၊ လတ်ကိုကိုအေး (စွန်ရဲ)၊ ဝင်းဇော်အောင် (မြို့တော်စည်ပင်)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊ ဟန်ထွန်း (ပြည်ထဲရေး)၊ ဇာနီမောင် (ရထားပို့ဆောင်ရေး)၊ အေးမိုး(တံခွန်)၊ စည်သူသန်း (ဆောက်လုပ်ရေး)၊ ဇော်နိုင်ထွန်း (မြို့တော်စည်ပင်)၊ နိုင်ဝင်း(စွမ်းအင်)၊ ကျော်ဇင်ဝင်း (စီးပွား/ကူးသန်း)၊ ကျော်ကျော်ထွန်း(အား/ကာ၊သိပ္ပံ)၊ အောင်အောင် (တပ်မတော်ကြည်း-က)၊ စန်းလွင်ဦး (ရထားပို့ဆောင်ရေး)၊ တေဇာဝင်း(တံခွန်)၊ စောကြယ်လင်း (ပြည်ထဲရေး)၊ လှသူ(ရထားပို့ဆောင်ရေး)၊ သီဟဇော် (ဆက်၊စာ၊ကြေး)၊ ကျော်ကျော်ထက် (ရထားပို့ဆောင်ရေး)၊ ရဲဝေယံဦး (ကာကွယ်ရေး)၊ ကျော်စိုးလွင် (ရထားပို့ဆောင်ရေး)၊ ဇော်မြင့်ကို (ဆက်၊စာ၊ကြေး)၊ သန်းထွန်းအောင် (ရထားပို့ဆောင်ရေး) တို့ ဖြစ်ကြသည်။

အစိမ်းရောင်အသင်း

အစိမ်းရောင် လက်ရွေးစင်အသင်းကို နည်းပြအဖြစ် ဦးရဲညွန့်၊ လက်ထောက်နည်းပြအဖြစ် ဦးသိန်းထွန်းတို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။

အစိမ်းရောင် လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့ကြသည့် အားကစားသမားများမှာ (ဂိုး) ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ (ဂိုး) နေလှိုင် (လယ်ယာ/ဆည်မြောင်း)၊ (ဂိုး) ထွန်းထွန်းလတ် (ကာကွယ်ရေး)၊ ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ မျိုးမြင့်အောင်(ပို့ဆောင်ရေး)၊ အေးဆန်း (ကမ္ဘောဇ)၊ ခင်မောင်လွင် (လယ်ယာ/ဆည်မြောင်း)၊ နေဝင်းအောင် (ကာကွယ်ရေး)၊ကျော်သီဟ(ကမ္ဘောဇ)၊ ရာဇာဝင်းသိန်း (စီးပွား/ကူးသန်း)၊ ပိုင်စိုး(ဘဏ္ဍာ/အခွန်)၊ ကျော်ကျော်ခိုင် (ဘဏ္ဍာ/အခွန်)၊ ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ လင်းလင်းထွေး (စက်မှု-၁)၊ ရန်နိုင်အောင် (မြို့တော်စည်ပင်လူငယ်)၊ နိုင်ဝင်းထွန်း (မြို့တော်စည်ပင်လူငယ်)၊ ဝင်းမြင့်(သတ္တုတွင်း)၊ စည်သူအောင်(ဘဏ္ဍာ/အခွန်)၊ သန်းနိုင်(ဘဏ္ဍာ/အခွန်လူငယ်)၊ ချစ်ဝေဖြိုး(စွန်ရဲ)၊ ပိုင်စိုးဦး (မြို့တော်စည်ပင်လူငယ်)၊ အောင်မြသိန်း(မြို့တော်စည်ပင်လူငယ်)၊ ထွန်းနောင်ဦး (ပို့ဆောင်ရေး)၊ မင်းမင်းထွန်း (စွမ်းအင်)၊ စောအောင်မျိုး(ပို့ဆောင်ရေး)တို့ဖြစ်ကြသည်။

တွေ့ဆုံမေးမြန်း

မြန်မာ့လက်ရွေးစင် အသင်းနှင့် လူငယ်လက်ရွေးစင် အသင်းများ ရွေးချယ်ဖွဲ့စည်းရန်အတွက် လေးပွင့်ဆိုင် လူရွေးပွဲ ကျင်းပရေးစီစဉ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် နည်းစနစ်ညွှန်ကြားရေးမှူး ဦးစိုးမြင့်လွင်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးစိုးမြင့်လွင်က လေးပွင့်ဆိုင်လူရွေးပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် "အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြီးသည့်နောက်ပိုင်း၌ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပြန်လည်ဖွဲ့စည်းရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ရည်မှန်းချက်ချမှတ်ခဲ့ကြောင်း၊ လက်ရွေးစင်အသင်း ဖွဲ့စည်း ရန်နည်းပြလေးဦးနှင့် လက်ထောက်နည်းပြလေးဦးကို တာဝန်ပေးအပ်ခဲ့ကြောင်း၊ အလားအလာ ရှိသူများ မကျန်ရစ်စေရန် အတွက် အဆင့်မြင့်တန်းအသင်း၊ ပထမတန်းအသင်းနှင့် ယူ-၂၀အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြဆရာများအကြိုက် ဘောလုံးသမားများစာရင်းကို တောင်းခံခဲ့ကြောင်း၊ စာရင်းပေးပို့ခဲ့ကြရာတွင် စုစုပေါင်း ပဏာမလက်ရွေးစင် ၁၆၄ ဦးရှိကြောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်ခုနစ်ဦးပါဝင်သော နည်းစနစ်ကော်မတီက ၁၆၄ဦးအနက်မှ အားကစားသမားများကို ထပ်မံ စိစစ်ရွေးချယ်၍ အားကစားသမား ၂၅ဦးနှင့် နည်းပြနှစ်ဦးစီပါဝင်သော ဘောလုံးအသင်း လေးသင်းဖွဲ့စည်းပေးခဲ့ကြောင်း၊ အဖြူရောင်အသင်း၊ အနီရောင်အသင်း၊ အပြာရောင်အသင်းနှင့် အစိမ်းရောင်အသင်းတို့ကို ပတ်လည်ယှဉ်ပြိုင် ကစားစေခဲ့ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ဦးစိုးမြင့်လွင်က လူရွေးပွဲထပ်မံကျင်းပရန်စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် "ပြီးခဲ့သည့်လေးပွင့်ဆိုင် လူရွေးပွဲမှ ပဏာမလက်ရွေးစင်၄၄ဦးကို ရွေးချယ်ခဲ့ကြောင်း၊ ပဏာမလက်ရွေးစင် ၄၄ဦးစာရင်းထုတ်ပြန်ကြေညာခြင်းမပြုဘဲ ထပ်မံစိစစ်ရွေးချယ်ပြီး တစ်သင်းလျှင် ၁၈ဦးပါဝင်သော အသင်းလေးသင်းကို ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပဏာမ လက်ရွေးစင်(က)အသင်း၊ ပဏာမ လက်ရွေးစင်(ခ)အသင်း၊ အသက်(၂၃) နှစ်အောက် အသင်း (Under-23)နှင့် အသက်(၂၃)နှစ်အထက်အသင်း (Over-23)အသင်းဟူ၍ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ လက်ရွေးစင်ဟောင်းများ ပါဝင်မည်ဖြစ်၍ လူစုံတက်စုံ ပါဝင်သောလူရွေးပွဲ ဖြစ်လာမည်ဖြစ်ကြောင်း၊ အဆင့်မြင့်တန်းအမှတ်ပေး ပြိုင်ပွဲအပြီး မတ်လအတွင်း ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ လေးသင်းကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားစေပြီး ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ကျင်းပမည့်နေ့ရက်နှင့် ကျင်းပမည့်ကွင်းကို အတည်မပြုရသေးကြောင်း၊ ယခုကဲ့သို့ လူရွေးပွဲကျင်းပရခြင်းမှာ ၂၀၀၇ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အဆင့်မီမီ ယှဉ်ပြိုင်နိုင်ရန်နှင့် လက်ရွေး စင်အသင်းကြီး ဖွဲ့စည်းနိုင်ရန်ဖြစ်ကြောင်း၊ ရွေးချယ်လိုက်သည့် ပဏာမလက်ရွေးစင်များကို အမြဲတမ်းပဏာမလက်ရွေးစင်အဖြစ် သတ်မှတ်မည်မဟုတ်ဘဲ ခြေစွမ်းခြေစရှိမှု၊ လေ့ကျင့်မှု ကာလအတွင်း ခြေရည်တိုးတက်မှုရှိမှု၊ စည်းကမ်းကောင်းမွန်မှု၊ နည်းပြဆရာ၏သင်ကြားမှုကို နာခံမှုစသည့် အချက်များအပေါ်မူတည်ပြီး အားကစား သမားများ အတိုးအလျှော့ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို နည်းပြရန်အတွက်နိုင်ငံခြားနည်းပြဆရာ တစ်ဦးကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ၂၂ရက်က ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များ ရွှေစင်၊ရွှေပြားမျက်ပါးရွှေသင်္ကန်းတော်ကပ်လှူရေးအတွက် အမှတ်၇၂၊ ၂၃လမ်း လသာမြို့နယ် ရန်ကုန်မြို့ ကွယ်လွန်သူ အဘိုးအဘွားနှင့် ခင်ပွန်း ဦးသန်းရှိန်တို့အား ရည်စူး၍ ဒေါ်လှေလှူကျင် သားသမီး မြေးတစ်စု နယူးတိုင်စင်ရတနာရွှေဆိုင်၊ လပ်ကီးတိုင်စင်ရတနာရွှေဆိုင်မှ အရံ စေတီတော်ကြီးတစ်ဆူ (ကိုယ်လုံးတော်+ထီးတော်) အတွက်ငွေကျပ် တစ်ဆယ့်ရှစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးထွန်းအောင်၊ ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သတင်းဆောင်းပါး-ကိုထွေး

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စွမ်းအင်နှင့် လယ်ယာထွက်ကုန်တို့ အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့် တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက ရထားပို့ဆောင်ရေးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင် ရရှိသွားသည်။

လယ်ယာထွက်ကုန်နိုင်

အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် စွန်ရဲအသင်းတို့ ယှဉ်ပြိုင်ကစားရာ လယ်ယာထွက်ကုန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ ယနေ့ပွဲစဉ်များအပြီးတွင် စွန်ရဲအသင်းက ၁၂ပွဲကစား ၁၃မှတ်ဖြင့် အဆင့်၁၁၌ ရပ်တည်လျက်ရှိသည်။ လယ်ယာထွက်ကုန်အသင်းက ၁၂ပွဲကစား (၉)မှတ်ဖြင့် အဆင့်၁၅၌ ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲမရှိ

ဖေဖော်ဝါရီ၂၅ ရက် **(ယနေ့)** ညနေတွင် အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲမရှိဘဲ ဖေဖော်ဝါရီ၂၆ရက် ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် တပ်မတော်(ကြည်း)အသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကမ္ဘောဇအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ထိုးဖောက်ဂိုးသွင်း

စွမ်းအင်မှ ကျော်ခိုင်ဝင်း ရထားပို့ဆောင်ရေး နောက်တန်းကို ထိုးဖောက် ဂိုးသွင်းယူစဉ်။

(မြန်မာ့အလင်း)

MYANMAR P.G.A & MYANMAR GOLF FEDERATION

PRESIDENT CUP 2006

HANTHAWADDY GOLF & COUNTRY CLUB, BAGO

FEBRUARY 26 - MARCH 1, 2006

ကမ္ဘာတစ်လွှား အားကစား

ယူအီးအက်ဖ်အေဖလား တတိယအဆင့် ဒုတိယအကျော့ပွဲများကစား မစ်ဒယ်ဘာရော့၊ ရီးရဲဘက်တစ်၊ အူဒီးနီစ်တို့ တစ်ဆင့်တက်လှမ်းကြပြီ

လန်ဒန် ဖေဖော်ဝါရီ ၂၄

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ တတိယအဆင့် ဒုတိယအကျော့ပြိုင်ပွဲများကို ဖေဖော်ဝါရီ၂၃ရက်က ဆက်လက်ကစားရာ ပရီမီယာလိဂ် မစ်ဒယ်ဘာရော့အသင်းက စတုဂတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး အယ်ခမာက ရီးရဲဘက်တစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ လန့်စ်က အူဒီးနီစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မစ်ဒယ်ဘာရော့နှင့် စတုဂတ်

မစ်ဒယ်ဘာရော့၏ ရေးဗားဆိုက်ကွင်း၌ စတုဂတ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ခဲ့သည်။ စတုဂတ်တို့ပွဲအစတွင် မစ်ဒယ်ဘာရော့၏ တိုက်စစ်ကို ဟန့်တားပြီး တန်ပြန်တိုက်စစ်မှ တစ်ဆင့် ဂိုးရအောင် သွင်းနိုင်ခဲ့၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘာရော့မှ ဟက်ဆယ့်ဘင့်၊ မင်ဒီယေတာ၊ ဒေါင်းနင်းနှင့် ကက်တာမိုလီတို့အပေးအယူ မြန်မြန်ဖြင့် ထိုးဖောက်ကစားရာ စတုဂတ် နောက်တန်းမှ ဘာဘယ်၊ ဒယ်ပီရို၊ ဟင်ကယ်နှင့် မက်နန်တို့ မနားတမ်းဟန့်တားခဲ့ရသည်။ သို့သော် ပွဲချိန်၁၃မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် စတုဂတ် တိုက်စစ်မှူး ခရစ်စတင်းတီဖရက်က အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘာရော့တို့က ကွင်းလယ်တွင် ငါးယောက်အထိထားကစားပြီး စတုဂတ်တိုက်စစ်ကို ကွင်းလယ်မှပင်ဖြတ်ပြီး ဟန့်တားကာ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဟက်ဆယ်ဘင့်၏ ၄၇ မိနစ်၌ ကန်သွင်းချက်၊ မင်ဒီယေတာ၏ ၅၅မိနစ်၌ အဝေးမှ အမှတ်မထင်ကန်သွင်းချက်များဘေးထွက် အပေါ်ထောင်ခဲ့မှုကြောင့် ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

သို့သော် မစ်ဒယ်ဘာရော့တို့က စတုဂတ်ကွင်း၌ ပထမအကျော့ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-နှစ်ဂိုးဖြင့် အဝေးကွင်းဂိုးစည်းမျဉ်းအရ မစ်ဒယ်ဘာရော့တို့ နောက်တစ်ဆင့်တက်သွားပြီဖြစ်သည်။

အယ်ခမာနှင့် ရီးရဲဘက်တစ်

နယ်သာလန်ကလပ် အယ်ခမာတို့ မိမိကွင်း အယ်ခမာဒါဟုဒ်၌ စပိန်ကလပ် ရီးရဲဘက်တစ်ကို အနိုင်ကစားနိုင်ခဲ့သော်လည်း အကောင်းဆုံးအရှုံးသမားဖြစ်ခဲ့ရသည်။ မိမိကွင်း၌ ရီးရဲဘက်တစ်ကို ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားရာ ရီးရဲဘက်တစ်နောက်ခံလူများ အဖျက်ကြမ်းမှုကြောင့် ပွဲအစ လေးမိနစ်မှာပင် အယ်ခမာတို့ ပယ်နယ်တီရရှိခဲ့သည်။ ယင်းပယ်နယ်တီကို အယ်ခမာမှ ဒင်နီလန်ဇတ် ကန်သွင်းရာ ဂိုးမဝင်ခဲ့သဖြင့် နစ်နာခဲ့သေသည်။

ယူအီးအက်ဖ်အေဖလား တတိယအဆင့် ဒုတိယအကျော့ပွဲအဖြစ် မာဆေးနှင့်ဘော်လ်တန်တို့ပွဲတွင် ဘော်လ်တန်မှ ဖာရီ (ဝဲ) **က မာဆေး၏ ထိုးဖောက်မှုကို ဟန့်တားရန် ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အယ်ခမာတို့ ဆက်တိုက် ထိုးဖောက်ကစားရာ ပွဲချိန်၂၆မိနစ်တွင် အယ်ခမာမှ အာဗီလတ်ဇီကတစ်ဂိုး၊ ပွဲချိန် ၃၅ မိနစ်တွင် ကောဂျာလန့်စ်ကတစ်ဂိုး ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

ပွဲချိန်မိနစ် ၉၀ပြည့်အထိ ရီးရဲဘက်တစ်တို့ ဂိုးမသွင်းနိုင်ဘဲရှိရာမှ အချိန်ပို ၉၄မိနစ်တွင် ရီးရဲဘက်တစ်ဘက်မှ ဂျန်အင်ဒရူးမီလီက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ နှစ်ပွဲပေါင်းဂိုးအရေအတွက် တူနေသဖြင့် အချိန်ပိုကစားရာမှ ရီးရဲဘက်တစ်တို့ ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ခမာမှ နောက်ခံလူ ဒီကလာလည်း အချိန်ပိုကစားရာတွင် ကြမ်းတမ်းစွာ ကစားမှုကြောင့် အနီကတ်ပြအထုတ်ခံရသည်။ ယခုပွဲတွင် အယ်ခမာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-သုံးဂိုးဖြင့် ရီးရဲဘက်တစ်တို့ နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

လန့်စ်နှင့်အူဒီးနီစ်

လန့်စ်တို့ မိမိကွင်းဖီလက်ဘောလက်၌ အူဒီးနီစ်ကိုအနိုင်ရရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ အူဒီးနီစ်တို့က အိမ်ရှင်လန့်စ်ကို မနားတမ်းတိုက်စစ်ဆင်နိုင်ခဲ့ရာ လန့်စ်နောက်ခံလူများဖြစ်သည့် အီကိုတို၊ ပက်ထရစ်ဘာယူနှင့် အက်ဒါမာတို့ ကြိုးစားဖျက်ထုတ်ခဲ့ရသည်။

အူဒီးနီစ်တိုက်စစ်မှူးများဖြစ်သည့် အီကွင်တာ၊ ဗီဒီဂယ်နှင့် မွန်တာရီတို့က နားလည်မှုရှိရှိဖြင့် ထိုးဖောက်တိုက်စစ်ခဲ့မှုကြောင့် လန့်စ်ဂိုးသမား ချက်ဘတ်လည်း ကြိုးစားကာကွယ်ခဲ့ရသည်။

ဒုတိယပိုင်း ၅၅ မိနစ်ရောက်မှသာ လန်စ်တို့ လျှပ်တစ်ပြက်တိုက်စစ်ဆင်ခဲ့မှုမှ တိုက်စစ်မှူးအလန်ဖရူက အူဒီးနီစ်ဂိုးဧရိယာအတွင်း ပယ်နယ်တီအမှတ်အသားနားမှ ကန်သွင်းယူခဲ့မှုကြောင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

လန့်စ်တို့အဖွင့်ဂိုးရရှိပြီး ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် မိနစ်၆၀တွင် လန့်စ်တိုက်စစ်မှူး အစ်ဆမ်ဂျိုမာကို အူဒီးနီစ်ဂိုးဧရိယာနှင့် ၂၅ကိုက်အကွာမှ အပြင်းကန်သွင်းရာ ဂိုးဘားပေါ်ကျော်သွားသဖြင့် နစ်နာခဲ့ရခြင်းဖြစ်သည်။

အူဒီးနီစ်တို့ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း နှစ်ပွဲပေါင်းရလဒ်တစ်ဂိုး-သုံးဂိုးဖြင့် အူဒီးနီစ်တို့ ယူအီးအက်ဖ်အေ နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

မာဆေးနှင့်ဘော်လ်တန်

ဧည့်သည်ဘော်လ်တန်တို့ အဖွင့်ဂိုးသွင်းယူနိုင်သော်လည်း မာဆေးတို့က မိမိကွင်း ဗီလိုဒရိုမီ၌ ချေပဂိုးနှင့်လက်ဆောင်ဂိုးများ ရရှိကာအနိုင်ရရှိခဲ့သည်။ ပရီမီယာလိဂ်ဘော်လ်တန်အသင်းတို့ ပွဲအစတွင် တိုက်စစ်ဆင်ကစားနိုင်ပြီး ဘော်လ်တန်မှ စတီလုစ်က ပွဲချိန်၂၅မိနစ်၌ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

သို့သော် ပထမပိုင်းပွဲချိန် ကုန်ခါနီးတွင် မာဆေးမှ ဖရန့်ရီဘီရီက ချေပဂိုးပြန်သွင်းနိုင်ခဲ့သဖြင့် ပထမပိုင်း၌ တစ်ဂိုးစီဖြစ်နေသည်။ ဒုတိယပိုင်း ပွဲချိန်တွင် မာဆေးတို့ ဘော်လ်တန်ဘက် ဖိကစားပြီး မနားတမ်းတိုက်စစ်ဆင်ခဲ့ရာမှ ပွဲချိန် ၆၈ မိနစ်တွင် မာဆေးတိုက်စစ်ကိုဟန့်တားရင်း ဘော်လ်တန် နောက်ခံလူ တယ်လ်ဘင်ဟိန်းက ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလို ဖြစ်သွားခဲ့သဖြင့် ဂိုးပေးလိုက်ရသည်။

ဘော်လ်တန်တို့ ပထမအကျော့ မိမိကွင်း၌ ဂိုးမရှိသရေကစားခဲ့သဖြင့် ယခုပွဲ နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရာ နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ယူအီးအက်ဖ်အေမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

အခြားပွဲရလဒ်များ

အက်စ်ပန်ညို	၀	-	၃	**ရှော်ကေး**
ရက်ပစ်ဘူခါရက်	၂	-	၀	**ဟာသာဘာလင်**
စတီရာဟာ	၀	-	၁	**ဟီရန်ဘင်း**
မိုနာကို	၁	-	၁	**ဘာဆဲ**
လဗ်စကီဆိုဖီယာ	၂	-	၀	**အက်မီဒီရာ**
ဇီးနက်စိန့်ပီတာစဘူ	၂	-	၁	**ရိုဆင်ဘတ်**
ရိုးမား	၂	-	၁	**ကလပ်ဘရူကေး**
ရှက်တာဒိုးနက်	၀	-	၀	**လီလီ**
ဟမ်းဘတ်အက်စ်ဗွီ	၂	-	၀	**အက်ဖ်စီသွန်း**
ဆီဗီလာ	၂	-	၀	**လိုကိုမိုးတစ်။** (အင်တာနက်)

နယ်သာလန် စကိတ်စီးမယ် ကြေးတံဆိပ်ရရှိ

တူရင် ဖေဖော်ဝါရီ ၂၄

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပလျက်ရှိသည့် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးမီတာ ၁၅၀၀ စကိတ်စီးပြိုင်ပွဲတွင် နယ်သာလန်မှ အိုင်ရင်ဝိတ်က ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

တူရင်မြို့တွင် ဖေဖော်ဝါရီ၂၂ ရက် (ဗုဒ္ဓဟူးနေ့)က ပြုလုပ်ခဲ့သော မီတာ၁၅၀၀ စကိတ်စီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိမည်ဟု မျှော်မှန်းထားသော နယ်သာလန်မယ် အိုင်ရင်ဝိတ်မှာ ဂျပန်စကိတ်စီးမယ် မာကီတာဘာတာကို မကျော်တက်နိုင်ဘဲ ကြေးတံဆိပ်သာ ရရှိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

လက်တစ်ကမ်းအလို ရောက်လာသည့် ကားလင်းဖလား မန်ယူတို့ ဝီဂန်ကို ကျော်လွှားဆွတ်ခူးမှာယ်

လန်ဒန် ဖေဖော်ဝါရီ ၂၄

၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ လိဂ်ဖလားခေါ်ကားလင်းဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္ဂနွေနေ့)တွင် ထောင်စုနှစ်အားကစားကွင်း၌ မန်ချက်စတာယူနိုက်တက်နှင့် လူသစ်တန်း ဝီဂန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။

အင်္ဂလန် ဘောလုံးလောကတွင် တတိယမြောက် နာမည်ကြီး ဘောလုံးပြိုင်ပွဲတစ်ရပ်လည်း ဖြစ်သည့်အပြင် သက်တမ်းအနေဖြင့် ၁၉၆၀-၆၁ ခုနှစ်မှစတင်ခဲ့ရာ နှစ်ပေါင်း၅၀နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

ယခင်နှစ်များက ပရီမီယာလိဂ် နာမည်ကြီးအသင်းများသာ ဗိုလ်လုပွဲ၌ လွှမ်းမိုးခဲ့သော်လည်း ယခုနှစ်တွင် ပရီမီယာလိဂ် နာမည်ကျော်အသင်းဖြစ်သည့် ကားလင်းဖလား လက်ရှိချန်ပီယံချယ်လ်ဆီး၊ ထိပ်သီးအသင်းများဖြစ်သည့် အာဆင်နယ်၊ လီဗာပူးတို့ နောက်ဆုံးအဆင့် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းမရှိဘဲ ပြုတ်ကျန်ခဲ့ပြီး ကားလင်းဖလား ဗိုလ်လုပွဲသို့ တစ်ကြိမ် တစ်ခါမျှ မတက်ရောက်ခဲ့ဖူးသေးသည့် လူသစ်တန်းဝီဂန်နှင့် နာမည်ကြီး မန်ယူတို့သာ တက်ရောက်နိုင်ခဲ့သည်။

ယခုနှစ်တွင် ချန်ပီယံလိဂ်၊အက်ဖ်အေဖလား၊ ပရီမီယာလိဂ်ချန်ပီယံတို့ကို လက်လွတ်ခဲ့ရပြီဖြစ်သော မန်ယူတို့ ယခုကားလင်းဖလားကို အရယူတော့မည်ဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီ၌ နာမည်ကြီးမန်ယူတို့ ဖလားတစ်လုံးမျှ လက်ဝယ်ပိုင်ပိုင် မဆုပ်ကိုင်နိုင်သည့် အနေအထားမျိုးကို နည်းပြဖာဂူဆန် ပြုလုပ်လိမ့်မည် မဟုတ်ရာ စိတ်ကြိုက် ဗျူဟာအခင်းအကျင်း၊ အကောင်းဆုံး လူများကိုသာ ထုတ်ကစားတော့မည် ဖြစ်သည်။

မန်ယူသည် ဘလက်ဘန်းအသင်းကို နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲတက်လာသလို ဝီဂန်ကလည်း ပရီမီယာလိဂ် နာမည်ကျော် အာဆင်နယ်ကို နှစ်ပွဲပေါင်း ရလဒ် နှစ်ဂိုး-နှစ်ဂိုးဖြင့် အဝေးဂိုးစည်းမျဉ်းအရ ကားလင်းဖလား ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူနှင့်ဝီဂန်တို့ ပရီမီယာလိဂ် ပွဲစဉ်အဖြစ် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က မန်ယူကွင်း အိုးထရက်ဖို့၌ တစ်ကြိမ်ဆုံတွေ့ခဲ့ဖူးရာ မန်ယူတို့က လေးဂိုးပြတ် အနိုင်ယူခဲ့သည့် ပြတ်သားသော ရလဒ်ကလည်းရှိနေသည်။ သို့သော် ဝီဂန်တို့ ယခုနှစ်မှ ပရီမီယာလိဂ်သို့တက်လာပြီး အသင်းကြီးများကို သရေ၊ အနိုင်ပွဲများ ကစားပြီး ခြေစွမ်းပြသလျက်ရှိသလို ကားလင်းဖလားတွင်လည်းအာဆင်နယ်ကို ဖြုတ်ခဲ့သည့် ခြေစွမ်းကလည်း လျှော့တွက်၍ မရသည်ဖြစ်ရာ မန်ယူတို့ ပေါ့ပေါ့ဆဆ ကစားမိပါက တစ်လုံးတည်း



ကားလင်းဖလား ဗိုလ်လုပွဲတွင် မန်ယူရှေ့တန်း တိုက်စစ်မှူးအဖြစ် ပါဝင်ကစားမည့် ရွန်နေ၏ ထိုးဖောက်ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

သောဖလား လက်လွတ်သွားနိုင်သည်။

သို့သော် မန်ယူတိုက်စစ်သည် ခြေတွေ့လျှင် ပရီမီယာလိဂ်၌ ကြောက်စရာ အကောင်းဆုံး တိုက်စစ်ဖြစ်ရာ နစ္စတယ်ရွိုင်း၊ ရွန်နေ၊ စီရိုနယ်ဒိုနှင့်ဆာဟာတို့မှာ ခြေစွမ်းထက်မြက်ပြီး ထိုးဖောက်ဂိုးသွင်းရာ၌ သေချာပြီး လျင်မြန်သူများဖြစ်သည်။

မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ပရီမီယာလိဂ်၌ ယခုအချိန်အထိ တစ်ဦးတည်း ၁၉ဂိုးသွင်းထားပြီး ဂိုးအများဆုံး သွင်းထားနိုင်သူဖြစ်သည်။ မန်ယူက ပရီမီယာလိဂ်၌ ယခုအချိန်အထိ ဂိုးပေါင်း ၅၂ဂိုးသွင်းထားရာ ရွန်နေ၊ စီရိုနယ်ဒိုနှင့် ဆာဟာတို့၏ ဂိုးများ ပါဝင်နေသည်။

ဝီဂန် တိုက်စစ်မှူး ဂျက်ဆန်မှာလည်းဂိုးသွင်းကောင်းသူ တစ်ဦးဖြစ်ပြီး ယခုအချိန်အထိ တစ်ဦးတည်း ၁၃ဂိုး သွင်းထားနိုင်သူဖြစ်သော်လည်း ပြစ်ဒဏ်ကြောင့် ပွဲပယ်ခံရသဖြင့် ဗိုလ်လုပွဲတွင် မပါဝင်နိုင်ချေ။ သို့သော်ဝီဂန်၏ ဆီနီဂေါ တိုက်စစ်မှူး ကာမာရာလည်း ဂိုးသွင်းခြေမှန်သူဖြစ်ရာ အခွင့်အရေးရသည်နှင့် သေချာပေါက်ဂိုးရအောင် သွင်းနိုင်သူဖြစ်သည်။ ကာမာရာမှာ ဝီဂန်အတွက် ယခုနှစ်၌ တစ်ဦးတည်း ရှစ်ဂိုး သွင်းထားနိုင်သူဖြစ်သည်။

မန်ယူနှင့်ဝီဂန်တို့၏ ဂိုးသွင်းစွမ်းရည်မှာ မန်ယူတို့က ပရီမီယာလိဂ်၌ ယခုအချိန်အထိ ၅၂ ဂိုးသွင်းထားပြီး ဝီဂန်တို့က ဂိုး ၃၀ သာသွင်းထားနိုင်ရာ ဝီဂန်တို့တိုက်စစ်တွင် မန်ယူကို မယှဉ်သာ နိုင်ချေ။

ကွင်းလယ်ကစားကွက်ကို မန်ယူတို့ယခုထက် ပိုကောင်းအောင် နည်းဗျူဟာခင်းကျင်းနိုင်ပါက ဝီဂန်အပေါ် အသာစီးရပြီး မန်ယူတို့ တိုက်စစ်အားကောင်းကောင်းဖြင့် ဂိုးပြတ်ပင် သွင်းယူသွားနိုင်မည့် အနေအထားရှိသည်။

သို့သော် မန်ယူတို့၏ အားနည်းချက်မှာ နောက်တန်း ခံစစ်ကြောင်းဖြစ်သည်။ လူသစ်များဖြင့် စမ်းသပ်ကစားနေသော မန်ယူ ခံစစ်သည် တောင့်တင်းမှု အားနည်းချက် ရှိနေသည်။ တစ်ခါတစ်ရံအန္တရာယ်ကြီးမားသော နားလည်မှုလွဲမှားတတ်သည့် ဖြစ်ရပ်များ ကြုံတွေ့လေ့ရှိရာ သတိကြီးစွာ ကစားရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မန်ယူသည် ယခုနှစ်၌ တစ်ခုတည်းသော ရရှိနိုင်မည့် ကားလင်းဖလားကို လက်တစ်ကမ်းအလိုရောက်မှ မည်သို့မျှ လက်လွတ်ခံတော့မည်မဟုတ်ရာ ဖလားရရှိရေးအစွမ်းကုန် ကြိုးစားမည်မှာ သေချာလှသည်။ **(အင်တာနက်)**

AMERICAN VISION

PROFESSIONAL EYE CARE CENTRE

မျက်စိအထူးစမ်းသပ်ခွဲစိတ်ကုသမှုနှင့် မျက်မှန်၊ မျက်စိကပ်မှန်၊ ဆေး အရောင်းခန်းမကြီး

မြန်မာပြည်ရှိ ... မူလတထ အစမရိုကန်စိ္မာရှင်း ၁၂ နှစ်မြောက်အထိမ်းအမှတ် အထူးအစီအစဉ်

Special Discount 5% to 30% ဖွင့်သည့်နေ့မှ မတ်လ (၉)ရက်နေ့အထိ လျှော့ချပေးနေပါပြီ။

ရန်ကုန် - ၃၉၃၊ ရွှေဂုံတိုင်လမ်း ... ဖုန်း ၀၁-၂၄၂၄၇၆၊ ၂၄၁၈၉၃၊ ၂၄၁၈၉၈၊ ၇၇၇၇၇၇

- တိုက် D-1 ... ဖုန်း ၀၁- ၂၀၃၄၆၄၊ ၂၀၃၄၆၅

မန္တလေး - ၁၁၈၊ ၂၆-၂၇ လမ်းကြား ... ဖုန်း ၀၂-၃၂၅၇၃၊ ၃၇၆၉၁၊ ၆၄၇၆၈

အမည်ပြောင်း ဦးမင်းလွင်-ဒေါ်သက်သက်ခိုင်တို့၏သမီး အထက(၂) စမ်းချောင်း Grade (10) ˚A မှ မထက်ထက်အား မယွန်းပိုပိုဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယွန်းပိုပိုဦး။**

SPECIAL LUCKY DAYS AT NAGAR SHWE WAH

နဂါးရွှေဝါ ရတနာရွှေဆိုင်

ရွှေချစ်သူရွှေဝယ်သူတိုင်းကံကောင်းစေမည့် ကံကောင်းခြင်းမင်္ဂလာလက်ဆောင် အစီအစဉ်ဖြင့် ဖေဖော်ဝါရီ (၂၆) ရက်နေ့မှ မတ်လ (၂၆) ရက်နေ့အထိ ရောင်းချပေးနေပါသည်။

အထူးအာမခံ ဝရွဲရည်၊ ဝင်းဝဲရည် (၉၉.၉၉%)

အလှပဆုံးဒီဇိုင်း အချိုသာဆုံးဈေးနှုန်းနှင့် ဝယ်ယူသူတိုင်း စိတ်တိုင်းကျစေမည့် နဂါးရွှေဝါရတနာရွှေဆိုင်

မှတ်ချက် ။ ။ နဂါးရွှေဝါတွင် ရွှေဝယ်ယူထားသူမည်သူမဆို ကံကောင်းခြင်း မင်္ဂလာလက်ဆောင် ဘောက်ချာနှင့်အကွာလာရောက်ထုတ်ယူနိုင်ပါသည်။

အမှတ် (၇၈၁) မဟာဗန္ဓုလလမ်းမကြီး၊ (၁၃) လမ်းနှင့် (၁၄) လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၂၄၅၁၇၊ ၂၂၆၂၃၀၊ ၀၉-၅၁၁၁၀၆၂

အမည်ပြောင်း

အဖဦးအောင်စိုး၏ သားဖြစ်သူ အမက(၇)တာမွေ တတိယတန်း (က)မှ မောင်ဘုန်းမိုးယံအား မောင်မင်းခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းခန့်ကျော်။**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကိုမြင့်ဝင်း၏ဇနီးဖြစ်သူ မသန်းသန်းဆင့် ၅/ကသန(နိုင်)၀၁၁၁၂၄သည် သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ဇနီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်မယူကြောင်းနှင့် သက်ဆိုင်ပတ်သက်မှုမရှိကြောင်း ကြေညာအပ်ပါသည်။

ကိုမြင့်ဝင်း
၁၂/မဂဒ(နိုင်)၀၈၅၁၉၈။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်မင်းမင်းထွန်း ၁၂/သဃက(နိုင်)၀၃၉၆၀၄သည် မိဘစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးရွှေထွန်း
၁၂/သဃက(နိုင်)၀၅၀၆၄၉။

ဘာလုပ်လုပ် ... သိန်းသန်း စိန်ရွှေရတနာ

သိန်းသန်း စိန်ရွှေရတနာ

THEIN THAN JEWELLERY

THEIN THAN JEWELLERY

သိန်းသန်း စိန်ရွှေရတနာ

Ph:09-5108521,09-5015316

အဝါရောင်၊ ငွေရောင် ထုတ်လုပ်ဖြန့်ချိရေးသင်တန်း

Masters ... ဖုန်း - 09-513 4497

ကွန်ပျူတာ ... သင်တန်း

Practical A+ Course - 3 Months + On Site

SAT,SUN - 9 TO 11 AM, DAILY 8 PERSONS

Nawarat Computer Sales, Service, Rental & Training
No.(138), Bogalayzay St.(UPPER) Botahtaung Tsp.
Tel: 39 20 47, 09-51 41 687, 09-51 33 220

မြန်မာနေ့စာ ...

ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ဗိုးချယ်ရီ ...

☎ 373885 , 386602

Y.E.S. International English Language Centre

ကလေးများအတွက်

Basic Spoken English : Feb - 4, 18, 20, 27
Vocabulary Enrichment Course : Feb - 6
Pre-Intermediate English: Feb-6, 18, 20, 27
Intermediate English Proficiency : Feb - 4, 27
Structure & Written Expression : Feb - 4, 20
Issues In Writing, Basic Writing : Feb-20, 27
iBT TOEFL : Feb - 6, IELTS, SAT, AP, AWC, GRC

Level (1)
Level (2)
(14-3-06)

No. 190, 2nd Flr., 28th St. (Upper Block), Pabedan Tsp ☎ 243950

ကျေးဇူးတင်ခြင်း နှင့် သတင်းကောင်းအသိပေးခြင်း

- ကျွန်တော်များ အောင်သုကေ့မှတ် မှ (၁၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရောင်းချခဲ့သော လုံးချင်းတိုက် (၁၈)လုံးကို အကုန်အစင်ဝယ်ယူအားပေးခဲ့ကြသော မိတ်ဆွေအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။
- ယခုထပ်မံ၍ သင်္ဃန်းကျွန်းမြို့နယ်ကြီးပွားရေးရပ်ကွက်ငမိုးရိပ်မြစ်ကမ်းဘေးက မြေယမုံတမ်းသာယာ အိမ်ရာမှ လုံးချင်းတိုက်အကြီး (၅)လုံးကို အလွန်သင့်တော်သောဈေးနှုန်းဖြင့် (ဦးရာလူစနစ်ဖြင့်) ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးပါမယ်။
- လာရောက်လေ့လာကြည့်ပါလို့ လှိုက်လှဲစွာဖိတ်ခေါ်ပါတယ်။ သင်္ဃန်းကျွန်းလမ်းကလာမယ်ဆိုရင် ဘိုးဘိုးကြီးနတ်စင်ဘေးကကွန်ကရစ်လမ်းအတိုင်းဝင်ရပါတယ်။ သုဝဏ္ဏဘက်ကလာရင် သွားတဂ္ဂသိုလ်အလွန်နားကအောင်ရတနာကွန်ကရစ်လမ်းအတိုင်းဝင်ရပါတယ်။
- ဆက်သွယ်ရန်-အောင်သုကေ့မှတ်၊အမှတ်(၂၈-ဘီ)၊ဖိုးစိန်လမ်း၊တာမွေမြို့နယ်၊ရန်ကုန်။

ဖုန်း-၅၄၄၃၀၇၊ ၅၇၀၀၄၄၊ ၀၉-၂၀၄၂၅၇၊ ၀၉-၈၀၂၀၄၁၈။

မမ္မရောင်ခြည် မမ္မပူဇာ အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ကရဏာပိုင်း ဖြဟ္မစိုရ်ဓမ္မာရုံကြီးတွင် ဓမ္မရောင်ခြည် ဓမ္မဒါန လုပ်ငန်းခွဲ(၄၀)က စီစဉ်ကျင်းပသည့် ပထမအကြိမ် ဓမ္မပူဇာသဘင်၌ ဖေဖော်ဝါရီ ၂၅ရက်နှင့်၂၆ရက်တွင် ပြည်တွင်းပြည်ပသာသနာပြု အောင်စကြာမိုးကုတ်ဆရာတော် အရှင်စန္ဒသိရီ (ဓမ္မာစရိယ)က ကျေးဇူးတော်ရှင်မိုးကုတ် ဆရာတော်ကြီး၏ ဥပနိသယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ရူပဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ရူပဗေဒဘာသာ သိမှတ်ဖွယ်ရာ

၂၀၀၅ ခုနှစ်ကို ရူပဗေဒ နှစ်လို့သတ်မှတ်ခဲ့ပါတယ်။ ခေတ်စားလာနေတဲ့ အသုံးချရူပဗေဒဘာသာရပ်တွေကတော့ Nanotechnology, Quantum Information Technology, Nonlinear Optics, Photovoltaics, Quantum Dots, Quantum Cryptography စသည်တို့ ဖြစ်တယ်။ Electronics, Optics နဲ့ Quantum Theory ပေါ်မှာ အခြေခံပါတယ်။ ဒီခုရှုကိုမှာ ခေတ်ပေါ် ရူပဗေဒအခြင်းကို ထည့်သွင်းထားပါတယ်။ ရူပဗေဒဆိုတွင် xrays, radio, computers, television တို့နဲ့ပတ်သက်နေတော့ xrays အကြောင်းနဲ့ စ ဆွေးနွေးရအောင်-

Xrays: X-rays are electromagnetic waves which are emitted when first moving electrons strike the tungsten target. X-rays are produced by accelerating electrons through a potential drop 10 to 100 kV in a high vacuum and then stopping them suddenly on a target.





Radioactivity The emission of some or all of the rays; alpha, beta or gamma, from the nucleus of an atom is called radioactivity.

Activity The rate of decay of a radioactive sample is called its activity. The SI unit of activity is Becquerel.

Half-Life The half-life is defined as the time for half the atoms in radioactive sample to decay. Half life of the radon is 3.8 days means half the number of atoms of radon will remain after 3.8 days.

Rutherford's Atomic Model The positive charge should not be spread throughout the atom but should be concentrated in a small volume at the center of the atom. This positively charged volume is called the nucleus, which is surrounded by electrons. According to this model the space inside an atom is mostly empty. In Rutherford model, the electrons are attracted by nucleus and lose energy by radiating and fall into the nucleus and atom no longer exists. On the Bohr model, electrons are moving around the nucleus in allowed orbits which does not absorb or radiate energy.

အပူပညာပိုင်းမှာ ဖော်မြူလာတချို့ကို ရှင်းပြလိုပါတယ်။

Heat Conduction Heat conduction is one mode of energy transfer. The individual parts of a medium do not move as a whole in heat conduction.

The rate of heat conduction is $H = \kappa A \dfrac{T_2 - T_1}{\ell}$

H = rate of heat flow/heat current, κ = heat conduction constant, A = cross-sectional area of the connecting rod (media), ℓ = length of the connecting rod (media), $T_2 - T_1$ = temperature difference.

Heat Convection Heat convection is one mode of energy transfer in which heat is carried by the motion of the fluid itself.

The rate of heat convection is, $H = qA(T_2 - T_1)$

H = rate of heat convection, q = heat convection constant, A = surface area, $T_2 - T_1$ = temperature difference.

Heat Radiation Heat radiation is a form of energy transfer in which heat is transferred by means of electromagnetic radiation.

The rate of heat radiation is $H = e\,\sigma\,A\,T^4$

H = rate of heat radiation, T = absolute temperature of the body, e = the emissivity (<1), σ = Stephen-Boltzmann's constant (5.685×10^{-8} Wm^{-2}K^{-4}).

Electronics ဘာသာရပ်ရဲ့ အခြေခံကိုလည်း ဆွေးနွေးလိုပါတယ်။

Forwards Bias When a battery is joined with its positive terminal to the p-type semiconductor and its negative terminal to the n-type semiconductor, a current flows through the p-n junction, and the diode is now said to be forwards-biased.

Reverse Bias When a battery is joined with its positive terminal to the n-type semiconductor and its negative terminal to the p-type semiconductor, a very small current flows through the p-n junction, and the diode is now said to be reverse-biased.



(a) (b)

Radio Transmission Radio waves are electromagnetic waves that need no medium of transport and travel with the speed of light. Sound waves are electrically impressed on the radio waves modulating the carrier waves.



(i) a sound wave (ii) unmodulated carrier wave (iii) amplitude modulated (AM) wave (iv) frequency modulated (FM) wave

Type of modulation	Frequency spectrum	Band width
AM	550 kHz to 1750 kHz	10 kHz
FM	88 MHz to 108 MHz	220 kHz

Radio reception



1. The antenna collects the radio signals (frequencies).
2. The tuner turns to one frequency.
3. The amplifier rf amplifies radio frequency signal.
4. The diode detector demodulates audio signal from carrier wave.
5. The amplifier af amplifies audio frequency signal.
6. The speaker produces sound from dc pulses.

အခြေခံကျသည့် အပိုင်းများကိုလည်း သိသင့်တယ်။

Q A water pump is pumping up water from a well which is 200 m deep. (a) How much work must be done by the pump to raise 1 kg of water? (b) What is the power output of the pump if it pumps up water at the rate of 10 kg min^{-1}? (Use g = 10 m/s/s)

Ans h = 200 m, m = 1 kg;

$W = mgh = 1 \times 10 \times 200 = 2000$ J

m = 10, h = 200 m, t = 1 min = 60 s

$W = mgh = 10 \times 10 \times 200 = 20000$ J, and

$$P = \frac{W}{t} = \frac{20000}{60} = 333.33 \text{ W}$$

Q A hydraulic (water power) press consists of 1 cm and 5 cm diameter pistons. What force must be applied on the small piston so that the large piston will be able to raise 10 N load? (b) To what height would the load be raised when the small piston has moved 0.1 m?

Ans d_{in} = 1 cm, r_{in} = 0.5cm = 0.5×10^{-2}m^2, d_{out} = 5 cm,

r_{out} = 2.5 cm = 2.5×10^{-2}m^2, F_{out} = 10 N,

F_{in} = ?

$$p_{in} = p_{out};\ \frac{F_{in}}{A_{in}} = \frac{F_{out}}{A_{out}}$$

$$\frac{F_{in}}{\pi(r_{in})^2} = \frac{F_{out}}{\pi(r_{out})^2}$$

$$\frac{F_{in}}{(0.5\times10^{-2})^2} = \frac{10N}{(2.5\times10^{-2})^2}$$

F_{in} = 0.4 N; $W_{in} = W_{out}$; $F_{in} \times S_{in} = F_{out} \times S_{out}$

$0.4 \times 0.1 = 10 \times S_{out}$; S_{out} = 0.004m

Q A 30 kg balloon is filled with 100 m^3 hydrogen. What force is needed to hold the balloon to prevent it from rising up?

(Density of hydrogen is 0.09 kg m^{-3}, Density of air is 1.29 kg m^{-3}, g = 10 ms^{-2})

Ans m = 30 kg, V = 100 m^3, ρ_H = 0.09 kg m^{-3},

ρ_{air} = 1.29 kg m^{-3}

$w = w_{balloon} + w_H$

$= m\,g + V\rho_H\,g = (30 + 100 \times 0.09) \times 10 = 390$ N

buoyant force = w + F

$V\rho_{air}\,g = w + F$

$100 \times 1.29 \times 10 = 390 + F$

F = 1290 − 390 = 900 N

Q The area and thickness of a glass plate of a window are 0.25 m^2 and 4 mm respectively. The temperature of inside surface of glass plate is 25°C and its outside temperature is 26°C. Find the amount of heat that passes through the glass plate in one hour. The thermal conductivity of glass is 0.6276 W m^{-1} K^{-1}.

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

25-2 (15).p65 1 3/26/1905, 8:37 PM

စာမျက်နှာ ၁၅ မှအဆက်

Ans $A = 0.25\ m^2$, $\ell = 4\ mm = 4 \times 10^{-3}\ m$, $\Delta T = T_2 - T_1$
$= 26 - 25 = 1°C = 1\ K$
$\kappa = 0.6276\ Wm^{-1}K^{-1}$, $t = 1\ hr = 3600\ s$, $Q = ?$
Heat flow per second is,

$$H = \kappa A \frac{T_2 - T_1}{\ell} = 0.6276 \times 0.25 \times \frac{1}{4 \times 10^{-3}}$$
$$= 39.225\ W$$
$$Q = H \times t = 39.225 \times 3600 = 141210\ J$$
$$= 1.41 \times 10^5\ J$$

Q The highest and lowest frequency strings of a piano are tuned to fundamentals of $f_H = 4186$ Hz and $f_L = 32.8$ Hz. Their lengths are 0.051 m and 1.98 m respectively. If the tension in these two strings is the same, compare the masses per unit length of the two strings.

$$f_n = \frac{n}{2\ell}\sqrt{\frac{T}{\mu}}$$

For the first harmonic, $n = 1$ $f_1 = \frac{1}{2\ell}\sqrt{\frac{T}{\mu}}$

$$\mu = \frac{T}{(2\ell f_1)^2}$$
$$\mu_L = \frac{T}{(2 \times 1.98 \times 32.8)^2} \text{ and}$$
$$\mu_H = \frac{T}{(2 \times 0.051 \times 4186)^2}$$
$$\frac{\mu_L}{\mu_H} = \left(\frac{0.051 \times 4186}{1.98 \times 32.8}\right)^2 = 10.81$$

Q An object is 20 cm from a mirror. If the virtual image is half the size of the object, find the radius of curvature of the mirror.

Ans $u = +20cm$, $II' = 1/2\ OO'$ (erect, virtual), $R = ?$

$$m = \frac{II'}{OO'};\ 1/2 = \frac{II'}{OO'};\ m = -v/u;\ 1/2 = -v/20;$$
$$v = -10\ cm$$
$$\frac{1}{f} = \frac{1}{u} + \frac{1}{v};\ \frac{1}{f} = \frac{1}{20} + \frac{1}{-10} = \frac{1-2}{20};$$
$$f = -20\ cm \text{ (convex mirror)}$$
$$f = R/2;\ R = 2 \times f = 2 \times (-20) = -40cm$$

So the radius of curvature of the convex mirror is 40 cm.

Q(a) The angle of a glass prism is 60° and the angle of minimum deviation is 39°. Find the refractive index of glass.

Ans $A = 60°$, $D_m = 39°$, $n = ?$

$$n = \frac{\sin\left(\frac{A + D_m}{2}\right)}{\sin\left(\frac{A}{2}\right)} = \frac{\sin\left(\frac{60° + 39°}{2}\right)}{\sin\frac{60°}{2}} = 1.52$$

(b) If the refractive index of glass is 1.66 and the angle of prism is 60°, find the angle of minimum deviation.

$A = 60°$, $n = 1.66$, $Dm = ?$

$$n = \frac{\sin\left(\frac{A + D_m}{2}\right)}{\sin\left(\frac{A}{2}\right)};\ 1.66 = \frac{\sin\left(\frac{60° + D_m}{2}\right)}{\sin\frac{60°}{2}}$$
$$D_m = 52.18°$$

Q Using the following diagram, identify the various parts of a computer system.

Ans A = monitor, B = disk drive,
C = floppy disk, D = printer,
E = CD ROM, F = CD ROM drive,
G = keyboard, H = mouse,
I = modem, J = speaker, K = memory

Q What is a computer? Draw block diagram of a computer system.

Ans Computer: A computer is an electronic device that can be instructed to perform calculations on numerical data or to compile, store correlate other forms of information.



Q Discuss TV transmission and Reception using diagrams.

Ans **TV reception and Transmission**

Television combines both sight and sound using an AM picture signal and an FM sound signal. An image orthicon tube is responsible for the picture signal in the TV camera. Light from objects activates an array of the photosensitive cells which release electrons. These electronic are attracted to a target screen.

There is the electronic image of objects on the screen. This is scanned by an electron beam, which converts the image information to electrical signals. These signals are transmitted together with the accompanying FM sound, to the receiver. The cathode ray oscilloscope receives the picture.



Gates အကြောင်းကိုလည်း နားလည်ဖို့လိုတယ်၊ အခြေခံ ကတော့ အောက်ပါအတိုင်းပါ-

Fig AND gate
O/P high if both high

A	B	Output
0	0	0
0	1	0
1	0	0
1	1	1



Fig NAND gate
O/P not high if both high

A	B	Output
0	0	1
0	1	1
1	0	1
1	1	0

Fig OR gate
O/P high if either/both high

A	B	Output
0	0	0
0	1	1
1	0	1
1	1	1



Fig NOR gate
O/P not high if either/both high

A	B	Output
0	0	1
0	1	0
1	0	0
1	1	0



Fig NOT gate
O/P high if I/P not high

A	Output
0	1
1	0

အောင်မြင်မှုများရရှိသော ကြိုးစားကြပါစေ ။

ပေါင်းတည်မြို့၌ တာပွန်ကျောက်ချောလမ်းသစ်ဖွင့် ငွေကျပ်သိန်း ၆၀ အကုန်အကျခံ ဆောင်ရွက်

ပေါင်းတည် ဖေဖော်ဝါရီ ၁၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော နွယ်ချို(၂)ရပ်ကွက်နှင့် ဟသ်ာကန်ရပ်ကွက်အတွင်းရှိ တာပွန်ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က အဆိုပါလမ်းသစ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောက်ချောလမ်းသစ်ကို ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

တာပွန်လမ်းကို ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၀၀၀၀၀၀ ဖြင့်အကုန်အကျခံ၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည်။

(ဝ၆၄)

မော်လမြိုင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရွှေနတ်တောင် ရေပေးရေးလုပ်ငန်းကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးလှမျိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကျန်းမာရေး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဖျာပုံမြို့ အမကကျောင်းများ၌ ဆောင်ရွက်

ဖျာပုံ ဖေဖော်ဝါရီ ၂၀

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖျာပုံမြို့ပေါ်ရှိ အခြေခံပညာ မူလတန်းကျောင်း(၂၀)ကို ကျန်းမာရေး ကြိုတင်ကာကွယ်မှု လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က အမှတ်(၃) အခြေခံပညာ မူလတန်း(စံပြ) ကျောင်းတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ စုပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးဦးဝင်းမြင့်တို့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

(အောက်ပုံ)(၁၅၈)

လှိုက်လှဲဝမ်းသာဂုဏ်ပြုလွှာ

အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ခုံပိုင်ရှင် ဦးခင်မောင်ဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့သည် နိုင်ငံတော်က ချီးမြှင့်သည့် သီရိသုဓမ္မသီင်္ဂီဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း ယခုထက် ပိုမိုလှူဒါန်းနိုင်ပြီး မိသားစုနှင့်အတူ သာသနာအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်သူဖြစ်ပါစေကြောင်း လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခရိုင်/ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊
အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တောင်ငူ။

ဖခင်အမည်မှန်

အလက(၅)ရန်ကင်း အဋ္ဌမတန်း(က)မှ မောင်အောင်ရဲထွန်းနှင့် အလက(၅)ရန်ကင်း ပဉ္စမတန်း(ခ)မှ မောင်ထွန်းလင်း၏ ဖခင်အမည်မှန်မှာ CHAN SEIN YWET (ခ) မောင်မောင်စိန် ဖြစ်ပါကြောင်း။ **CHAN SEIN YWET (ခ) မောင်မောင်စိန် YKN-01111**

ခေါဇမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်လျက်ရှိသော ခေါဇမြို့တွင်းကျောက်ချောလမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်နှင့် မြို့တာဝန်ခံဦးကျော်အောင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖန်းမော်မြို့၌ ကျေးရွာစံပြစာကြည့်တိုက် အလုပ်ရုံဆွေးနွေး

ဖန်းမော် ဖေဖော်ဝါရီ ၂၂

ဖန်းမော်မြို့နယ် သပြေကုန်းကျေးရွာ စံပြစာကြည့်တိုက် အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၁နာရီက အောင်သပြေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။

အဆိုပါ စံပြစာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးချစ်ဝေ၊ ဖန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်း၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်တာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးချစ်ဝေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းက စံပြစာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအေးက စာကြည့်တိုက်ဆိုင်ရာ လုပ်ငန်းများကို စာကြည့်တိုက်တာဝန်ခံများနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး ကျေးရွာများမှ စံပြစာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော စာကြည့်တိုက်တာဝန်ခံများအား ခရိုင်ဦးစီးအရာရှိက စာအုပ်များပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မီး
သတိပြု

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် ပျိုးထောင်ပြီးစီးမှုကို ဇန်နဝါရီ ၂၈ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ် စည်ပင်)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့ရဆရာတော် ထပ်ဆင့်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)ကကြီးမှူး၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တောင်တွင်းကြီးမြို့ တောင်ပြင်(၁) ရပ်ကွက် အောင်မြေဘုံကျောင်းတိုက် ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ တေဇောဘာသကို ၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်(မတ် ၁၄ ရက်) အင်္ဂါနေ့ နံနက်၈နာရီတွင် ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သာသနာ့ဝံသကျောင်း၌ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက် လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဟိုပုံး အထက၌ ကျင်းပ

ဟိုပုံး ဖေဖော်ဝါရီ ၂၀

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာရေးအတွက် မြေယာရှင်းအလှ ပြုပြင်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၉ ရက်က အမှုဆောင်အရာရှိ ဦးဟန်ထွန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်တို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

လှိုင်ကော်မြို့၌ ဝန်ထမ်းအိမ်ရာဆောက်လုပ်

လှိုင်ကော် ဖေဖော်ဝါရီ ၁

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်ရွက်သော ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာကို ငွေကျပ် ၅၃၀၀၀၀၀ဖြင့် ဆောက်လုပ်မှုအခြေအနေကို ဇန်နဝါရီ ၅ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်မောင်းတို့ ဇန်နဝါရီ ၂၈ ရက်က မြောင်းကြီးကျေးရွာ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

အာဟာရ တိုက်ကျွေး

ဒဂုံမြို့သစ် ဆိပ်ကမ်း မြို့နယ် အမက(၁) ကျောင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်က အလှူရှင် ဦးမြင့်– ဒေါ်ရွှေရွှေ (နဝရတ် သစ်ဆိုင်) မိသားစုက တတိယတန်း(က)တွင်ပညာသင်ကြားနေသော သား မောင်ဖြိုးကျော်၏ မွေးနေ့အထိမ်း အမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား အာဟာရ ကြက်သားဆန်ပြုတ် တိုက်ကျွေးစဉ်။ (ပညာရေး)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ဗီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကူဝိတ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာအယ်မိုဟာမက် အယ်အာမက် အယ်ဆာဘားသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထူးခြားသည့်ညအပူချိန် ဟားခါးမြို့ ၅ ဒီဂရီစင်တီဂရိတ်

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသော သန့်ရှင်းရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသော သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ၊ လမ်း များနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများနှင့် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်အဖွဲ့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များထိန်းသိမ်း

တောတောင်သဘာဝကို အပြည့်အဝခံစားနိုင်သည့် လော်ကားဥယျာဉ်

သတင်းမှတ်စု – လှခိန်၊ ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် အမျိုးသားဥယျာဉ်များ၊ ဘေးမဲ့တောများနှင့် ပညာပေးအပန်းဖြေဥယျာဉ်များကို ဖွဲ့စည်းတည်ထောင်လျက်ရှိရာ ယခုအခါ တစ်နိုင်ငံလုံးတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၁ခုကို ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သည်။



အပန်းဖြေသူများနှင့် လက်ပွန်းတတီးရှိလှသည့် ရေမြင်း ပေါက်ကျော်နှင့် သီသီမာတို့ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ယင်းသဘာဝထိန်းသိမ်းရေးနယ်မြေ ၄၁ခုအနက် လော်ကားဥယျာဉ်သည် တစ်ခုအပါအဝင်ဖြစ်သည်။

သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်အောက်ရှိ လော်ကားဥယျာဉ်ကို ၁၉၈၂ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၂၃နှစ်ကျော်ရှိလာခဲ့ပေပြီ။ အများပြည်သူများ အပန်းဖြေအနားယူ လေ့လာကြည့်ရှုနိုင်ရန် ၁၉၈၉ခုနှစ် စက်တင်ဘာ ၃၀ရက်နေ့က စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

လာရောက်အပန်းဖြေသူများနှင့် ရင်းနှီးနေသည့် လော်ကားဥယျာဉ် အတွင်းရှိ ဆတ်ကိုကန်ရေပြင်အလှနှင့်အတူ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)



လော်ကားဥယျာဉ်အတွင်း ဇဟုသုတရှာမှီးရာ ပညာပေးနှင့် သုတေသနဌာန အဆောက်အအုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)